# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 3 September 2023 ၁၁၂၀၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် နောက်(၇၂)နာရီအတွင်း လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

### ယနေ့ ဖတ်စရာ


**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ စက်တင်ဘာ ၄ ရက်မှစ၍ လူဝင်ကြေးအခမဲ့ဖြင့် ဆက်လက်ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်**

စာမျက်နှာ » ၅

**အရည်အချင်းညံ့ညံ့ အစွမ်းအစမဲ့မဲ့**

ဆောင်းပါး

စာမျက်နှာ » ၆

**ဖူကူရှီးမား စွန့်ပစ်ရေနှင့် နောက်ဆက်တွဲအကျိုးဆက်များ**

ဆောင်းပါး

စာမျက်နှာ » ၁၀




မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှ စတင်၍ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂




**အိန္ဒိယနိုင်ငံ၏ ပထမဆုံး နေရောင်ခြည်စွမ်းအင်သုံး “ADITYA-L1” ဂြိုဟ်တု အောင်မြင်စွာ လွှတ်တင်**





စာမျက်နှာ » ၁၃


**ကချင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရွှေအုပ်ဆောင်း လူသုံးကုန်၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ထုတ်ကုန်လုပ်ငန်း**


စာမျက်နှာ » ၁၆

ကြေးမုံ

# ပညာဖြင့် လူမှုဘဝ၊ ကျေးလက်ဘဝမြှင့်တင်

ပညာသည် လူ၏တန်ဖိုးဖြစ်သည်။ ပညာသည် ဆီမီးတိုင်ပမာ ဝန်းကျင်တစ်ခုလုံးကို အလင်းရောင်ပေးနိုင်သည်။ ပညာသည် ရွှေအိုးပမာ အကျိုးရှိအောင် အသုံးပြုနိုင်သည်။ ပညာ၏တန်ဖိုးမှာ များပြားသည်။ ပညာဖြင့် အရာရာကို ပိုင်းခြားဆင်ခြင်အလင်းဆောင်နိုင်သည်။ "ပညာမတတ်လျှင် အကန်းနှင့်တူသည်" "စာတတ်ပြီးစာမဖတ်လျှင် ပြတင်းပေါက်ရှိလျက် မဖွင့်သောအိမ်နှင့်တူသည်"ဟု သတင်းစာဆရာကြီးတစ်ဦး ပြောသကဲ့သို့အရာအားလုံးသည်အမှောင်အတိဖုံးနေမည်ဖြစ်သည်။

ပညာကို ငယ်စဉ်ကတည်းက ကြိုးစားသင်ကြားပြီး ပညာတတ်ပြီးလျှင်လည်း စာဖတ်ခြင်းဖြင့် အသိဉာဏ်ပညာဗဟုသုတများ တိုးပွားအောင် ကြိုးစားအားထုတ်သင့်သည်။ ထို့ကြောင့် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် နိုင်ငံသားများ စာတတ်အောင်၊ ပညာတတ်အောင် ကြိုးစားအားထုတ်နေကြသည်။ ပညာရည်မြင့်မားသော နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လာကြပြီး ပညာရည်နိမ့်ကျသော နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေသည်ကို တွေ့ရမည်ဖြစ်သည်။ လူတိုင်းလူတိုင်း ပညာတတ်မြောက်ခြင်းဖြင့် ထိုလူတို့၏ ဘဝပတ်ဝန်းကျင်ကို တိုးတက်တောက်ပြောင်လာအောင် ဖန်တီးနိုင်ပေသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျနေသေးသည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာတတ်မှု၊ ပညာတတ်မှု၊ စာဖတ်မှုနည်းပါးနေသေးသောကြောင့်ဟု ဆိုနိုင်သည်။ ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာတတ်မြောက်ရန်လိုအပ်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျေးလက်ဒေသတွင် အလယ်တန်းကျောင်း ၁၃၀၀၀ ကျော်၊ မူလတန်းကျောင်း ၂၀၀၀၀ ကျော်ရှိသည်။ မြို့ပေါ်တွင် အလယ်တန်းကျောင်း ၁၆၀၀ ကျော်၊ မူလတန်းကျောင်း ၃၀၀၀ ကျော်ရှိသည်။

အဆိုပါကိန်းဂဏန်းများအရ အလယ်တန်းကျောင်းများ၏ ကျေးလက်မြို့ပြအချိုးမှာ ၈ : ၁ ရှိပြီး မူလတန်းကျောင်းအချိုးမှာ ၆ ဒသမ ၅ : ၁ ရှိသည်။ မြန်မာနိုင်ငံ၏ ပျမ်းမျှမြို့ပေါ်နေလူဦးရေမှာ ၂၈ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နေလူဦးရေမှာ ၇၂ ရာခိုင်နှုန်းခန့်ရှိသည်။ ကျေးလက်လူဦးရေများပြားသဖြင့် ပညာရေးကဏ္ဍကို ကျေးလက်တွင် ပိုမိုမြှင့်တင်ပေးထားသည်။ သို့သော် ကျေးလက်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ နည်းပါးပြီး မြို့ပေါ်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ ပိုမိုများပြားသည်ကို တွေ့ရမည်ဖြစ်သည်။ အကြောင်းရင်းမှာ ကျေးလက်ဒေသတွင် ကျောင်းရှိသော်လည်း ကျောင်းနေရာခိုင်နှုန်းနည်းပါးခြင်းနှင့် ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားမှု နည်းပါးနေသောကြောင့်ဖြစ်သည်။

အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှုအားနည်းချက်နှင့် အခြားလူမှုစီးပွားဘဝ အခက်အခဲအမျိုးမျိုးတို့ကြောင့် ပြည်နယ်များရှိ ကျေးလက်ဒေသများတွင် ပညာရေးအားနည်းနေသည်ကို တွေ့ရသည်။ "ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာအတတ်ပညာများရှိရန်လိုကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ် တိုက်တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့်အတန်းပညာများတတ်မြောက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေး အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၃)တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အခြေအနေအကြောင်းအမျိုးမျိုးကြောင့် စာတတ်မြောက်မှု၊ ပညာတတ်မြောက်မှုမှာ ကျေးလက်ဒေသများတွင် ပိုမိုနိမ့်ပါးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝများ နိမ့်ကျနေလျက်ရှိသည်။ အထူးသဖြင့် တိုင်းရင်းသားဒေသအချို့တွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပညာရေးနှင့် ပိုမိုအလှမ်းဝေးရသည့် အခက်အခဲများရှိနေသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် တစ်နိုင်ငံလုံး စာတတ်မြောက်ရေး၊ ပညာတတ်ရေးသည် အရေးပါသောအချက်ဖြစ်သဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စာတတ်မြောက်ရေး၊ ပညာတတ်မြောက်ရေးအတွက် ကောင်းမြတ်သော စေတနာများဖြင့် ဝိုင်းဝန်းဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာရေးကဏ္ဍမြင့်မားရေးအတွက် တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ပေးထားသော်လည်း အားနည်းချက်အမျိုးမျိုးကြောင့် ပညာသင်ကြားနိုင်မှုအားနည်းနေသဖြင့် စာတတ်မှု၊ ပညာတတ်မှုနှုန်းကိုမြှင့်တင်ပြီး လူမှုဘဝ၊ ကျေးလက်ဘဝမြှင့်တင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ်အတွင်းရှိ ဘုန်တော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝါတွင်းကာလ သံဃာတော်များ ဆွမ်းအခက်အခဲမရှိစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပူတာအိုခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့်ဝန်ထမ်းများက ပူတာအိုမြို့နယ် ဝင်းလုန်ကျေးရွာ ဟိုကျိုဘုန်းတော်ကြီးကျောင်းရှိ ရဟန်းသာမဏေများ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဗီဒီယိုတည်းဖြတ်နည်းသင်တန်းဖွင့်လှစ်

**သံတွဲ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများ နည်းပညာများကို ကျွမ်းကျင်စွာတတ်မြောက်ပြီး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် Power Director Software ဖြင့် ဗီဒီယိုတည်းဖြတ်နည်းသင်တန်းကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အသစ်ထပ်မံချမှတ်သည့် ဦးတည်ချက်(၉)ရပ်နှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးရာ သံတွဲခရိုင်အတွင်းရှိ ဝန်ထမ်း ၁၄ ဦး တက်ရောက်ကြပြီး ခရိုင်ရုံးမှ ဓာတ်ပုံကျွမ်းကျင်(၂)(အင်အားပြ) ဦးနေမျိုးအောင်က သင်တန်းနည်းပြအဖြစ် သင်ကြားပို့ချပေးလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | – ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | – ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | – ဦးနိုင်လင်းကြည်၊ | စာပြင် | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် သံတမန်အဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး

**စစ်တွေ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ တပ်မတော် ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြန်လည် လက်ခံရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် ပြန်လည်ဝင်ရောက်လာမည့် နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားမည့် ကြိမ်ချောင်း(တောင်) ကျေးရွာသို့ ဆက်လက်ထွက်ခွာကြပြီး ကြိမ်ချောင်း(တောင်) ကျေးရွာရှိ အသင့်ဆောက်လုပ်ပြီး နေအိမ်များနှင့် မြေကွက်များကို လေ့လာကြည့်ရှုကြသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ပြန်လည်ဝင်ရောက်လာမည့် သူများအား ပြန်လည်နေရာချထားခြင်း မပြုမီ စခန်းတွင် ခေတ္တနေထိုင်နိုင်ရေးနှင့် လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့များ ပံ့ပိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ စခန်းအတွင်း ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာကြပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် သံတမန်အဖွဲ့ ကြိမ်ချောင်း(တောင်)ကျေးရွာတွင် လေ့လာကြည့်ရှုကြစဉ်။



ပြန်လည်ဝင်ရောက်လာမည့် နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားမည့် ကြိမ်ချောင်း(တောင်)ကျေးရွာရှိ အသင့်ဆောက်လုပ်ပြီး နေအိမ်များကို တွေ့ရစဉ်။

**ရှင်းလင်းပြောကြား**

ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလှိုင်နှင့် အဖွဲ့အား လှဖိုးခေါင် ယာယီနေရာချထားရေးစခန်း အတွင်း ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားစဉ်။






လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းတွင် ပြန်လည်ဝင်ရောက်လာမည့် နေရပ်စွန့်ခွာသူများ ခေတ္တနေထိုင်နိုင်ရေး ဆောက်လုပ်ထားသည့် နေအိမ်များကို တွေ့ရစဉ်။

## ညောင်ရွှေမြို့နယ် အင်ကြင်းကုန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် အင်ကြင်းကုန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် အင်ကြင်းကုန်းကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်း အရှည် တစ်မိုင်၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရေရရှိရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**၇၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီး**

အင်ကြင်းကုန်းကျေးရွာတွင် အဆိုပါ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၀၀၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် Country Inle ကုမ္ပဏီမှ ဇူလိုင်လဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးပါက အဆိုပါကျေးရွာရှိ ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၂၂





**✪ ရှေ့ဖုံးမှ**

ရှေးဦးစွာ တာဝန်ရှိသူများက ဘုရားဖူးလာပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးရှေ့များတွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ဆီသို့ သွားလာရေးလွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ် များဖြင့် ပို့ဆောင်ပေးခြင်း၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဝန်ထမ်းများက မသန်စွမ်းသူများအား ဘီးတပ်တွန်းလှည်းများဖြင့် စနစ်တကျ ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

**ဖူးမြော်ကြည်ညို**

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အစီအမံဖြင့် ဝန်ထမ်းများ အစိုးရရုံးပိတ်ရက်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန် အတွက် စီစဉ်ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ ၄၅ ခုမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၉၄၅ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၀၀၀ ခန့် ရန်ကုန်မြို့မှ နေပြည်တော်သို့ လာရောက်၍ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဌာနဆိုင်ရာ ဝန်ထမ်းအဖွဲ့များသည် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်ကြည်နူးချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများအားထုတ်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သွားရောက်လေ့လာ**

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက် များကိုလည်း စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယကျောင်းတော်နှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် သံဃာတော် အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီးကိုလည်း သွားရောက်လေ့လာကြသည်။

ယင်းနောက် ဌာနဆိုင်ရာ ဝန်ထမ်းအဖွဲ့များသည် အဠကထာဋီကာကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်အဆူ ၇၂၀ ကိုလည်း စိတ်ဝင်စားစွာဖြင့် ဖူးမြော်လေ့လာကြည်ညိုကြသည်။

ဆက်လက်၍ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း ကြည်ညိုစွာဖြင့် ဖူးမြော်ကြသည်။



ထို့နောက် ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျ ခမ်းနားထည်ဝါစွာတည်ဆောက်ထားသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက်လာရောက်ဖူးမြော်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့များသည် ဘုရားကြီးအား ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဘုရားဂေါပကအဖွဲ့ထံ လှူဒါန်းကြပြီး သက်ဆိုင်ရာနေရာအသီးသီး၌ ထားရှိသည့် အလှူခံပုံးများတွင်လည်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းကြကာ ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားသည့် သုဓမ္မာဇရပ်များ၌ အေးချမ်းစွာအပန်းဖြေအနားယူကြသည်ကို တွေ့ရသည်။





**ဖူးမြော်ကြည်ညို**

အဆိုပါ ရန်ကုန်မြို့မှ ဘုရားလာရောက်ဖူးမြော်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့များနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဂန္ဓကုဋီတိုက်တော်များ၊ ကျောက်စာရုံစေတီတော်အဆူ ၇၂၀၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ အဂ္ဂါဓိပတိသာသနဗိမာန်တော် စသည့် ဘုရား၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အအုံများကို လေ့လာဖူးမြော်ကြည်ညိုကြပြီး တရားဘာဝနာ ပွားများအားထုတ်ခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်း ပြုလုပ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကာ ယနေ့တွင် တရားဓမ္မအသံတို့ဖြင့် ထုံမွမ်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

**သတင်း - အေးအေးသန့်**
**ဓာတ်ပုံ - ကိုအေးသန်း**



# ဘုရင့်နောင်ကုန်စည်ဒိုင်ပွဲရုံဝင်း၌ စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ရန်ကုန် စက်တင်ဘာ ၂**

စားသုံးသူပြည်သူများ လက်ဝယ်တိုက်ရိုက်ရောက်ရှိစေရန် ရည်ရွယ်ပြီး ယနေ့နံနက် ၁၀ နာရီတွင် ဘုရင့်နောင်ကုန်စည်ဒိုင်ပွဲရုံဝင်းအတွင်း၌ စားသုံးဆီတစ်ပိသာလျှင် ကျပ် ၄၃၀၀ ဈေးနှုန်းဖြင့် OK ဆီနှင့်ဆန်ရောင်းဝယ်ရေး၊ ဇေတိကဆီနှင့်ဆန်ရောင်းဝယ်ရေး၊ ထက်အာကာဆီနှင့် ကုန်မျိုးစုံရောင်းဝယ်ရေး၊ ဟသ်ာညီနောင်ဆီရောင်းဝယ်ရေး၊ ဖွဲပြည့်အောင်ဆီဆိုင်၊ မသက်သက်ထွန်းဆီဆိုင်တို့တွင် တန်းစီစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

"ကျွန်တော်တို့ကုန်စည်ဒိုင်တွေအနေနဲ့ ယနေ့မှာ ပြည်သူတွေကို သက်သာတဲ့ သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချပေးနေပါတယ်။ ဒါ့အပြင် ရပ်ကွက်အတွင်းမှာလည်း ဆီဈေးနှုန်းတည်ငြိမ်စေဖို့အတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ မြို့နယ်ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်တွေကိုလည်း သတ်မှတ်ဈေးနဲ့ ဖြန့်ဝေရောင်းချပေးနေပါတယ်"ဟု ဘုရင့်နောင်ကုန်စည်ဒိုင်ပွဲရုံဝင်းရှိ ဆီကုန်သည်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် စားသုံးဆီဈေးနှုန်း တည်ငြိမ်စေရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ စားသုံးသူများသက်သာစွာ စားသုံးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း သာမက လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင်လမ်းရှိ ယုန်မလေးကုန်စုံဆိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းများ သတ်မှတ်ခွဲဝေပေးထားသော လက်လီ၊ လက်ကားရောင်းချသည့် ဆီဆိုင်များတွင်လည်း အသင်းမှချမှတ်ပေးထားသည့်ဈေးနှုန်းအတိုင်း ရောင်းချပေးနေကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ စက်တင်ဘာ ၄ ရက်မှစ၍ လှူဝင်ကြေး အခမဲ့ဖြင့် ဆက်လက်ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်

**နေပြည်တော်  စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးခဲ့ကာ နေ့စဉ်နိုင်ငံတစ်ဝန်းမှ ရဟန်းသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

စက်တင်ဘာ ၄ ရက်မှစ၍ လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသိုလ်တော်အဖြစ် ပါဝင်နိုင်ရေးအတွက် ဖော်ပြပါနှုန်းထားများအတိုင်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်-

(၁) လှူဝင်ကြေး **(အခမဲ့)** - **အခမဲ့။**

(၂) ဖုန်း တစ်လုံး(ကင်မရာအပါ) - ၁၀၀၀/-ကျပ်။
(ကင်မရာပါသောဖုန်းများသာ ကောက်ခံပြီး Keypad ဖုန်းများ မကောက်ခံပါ)

(၃) အပျော်ရိုက်ကင်မရာ - ၅၀၀၀/-ကျပ်။

(၄) အလှဓာတ်ပုံရိုက်/ Video (Pre Wedding အပါအဝင်) - ၅၀၀၀၀/-ကျပ်။
(၂ နာရီ) (နာရီဝက်ပိုတိုင်း ၅၀၀၀ ကျပ်)

(၅) ဥယျာဉ်တော်အတွင်း ယာဉ်ရပ်နားကွင်း ယာဉ်ငယ် တစ်စီး - ၂၀၀၀၀/-ကျပ်။
(အိမ်စီးယာဉ်ငယ်များကိုသာ ဥယျာဉ်တော်အတွင်း ဝင်ခွင့်ပြုပါသည်။ ယာဉ်ကြီးနှင့် ဆိုင်ကယ်များ ဥယျာဉ်တော်ပြင်ပတွင် ရပ်နားရန်။)

(၆) **Buggy စီးနင်းခြင်း။** အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေးမကောင်းသူများအတွက်သာ Buggy အခမဲ့ စီးနင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်း မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**သတင်းစဉ်**

## နောင်တစ်ချိန်မှာ မာရဝိဇယဘုရားကြီးက ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားတဲ့ ပြယုဂ်တစ်ခုအဖြစ် တွေ့ရှိရမှာ ဖြစ်ပါတယ်

**ဦးမင်းမင်းထွန်း**

**တွေ့ဆုံမေးမြန်း - အေးအေးသန့်**
**ဓာတ်ပုံ - ကိုအေးသန်း**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အောက်ရှိ ဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိရာ ၎င်းတို့နှင့်တွေ့ဆုံ၍ ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ခွင့်ရခဲ့သည့် ဝမ်းသာပီတိရင်တွင်းခံစားချက်များကို ရေးသားဖော်ပြလိုက်ရပါသည်။


ဦးမင်းမင်းထွန်း


ဒေါ်လှလှဝင်း


ဦးစိုးသိန်း


ဦးအာကာဖြိုးလွင်


အငယ်လေး

**ဦးမင်းမင်းထွန်း**
**(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်တို့က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ စီမံပေးမှုနဲ့ လာရောက်ဖူးမြော်ကြည်ညိုကြတာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ တိုင်းအဆင့်ဌာနဆိုင်ရာ စုစုပေါင်း ၄၅ ခုက အရာထမ်း၊ အမှုထမ်း ၉၄၅ ဦး၊ Express ၂၁ စီးနဲ့ လာရောက်ဖူးမြော်ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့လို တစ်နေ့တည်းမှာပဲ အစိုးရအဖွဲ့ အစီအစဉ်နဲ့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီကလည်း အရာထမ်း၊ အမှုထမ်း ၁၀၀၀ ခန့်၊ Express ၂၈ စီးနဲ့ လာရောက်ဖူးမြော်ကြပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ မနက်ဖြန် တနင်္ဂနွေနေ့မှာလည်း နောက်ထပ်လာရောက် ဖူးမြော်ဖို့ ရှိပါသေးတယ်။

ကမ္ဘာပေါ်က ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များထဲမှာ ဉာဏ်တော်အမြင့်ဆုံး ဘုရားတစ်ဆူ ဖြစ်တဲ့အတွက် မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ဂုဏ်ယူပြီး ဝမ်းသာပီတိဖြစ်ရပါတယ်။ ကမ္ဘာမှာ ထင်ထင်ရှားရှား ဘုရားတစ်ဆူအဖြစ် တည်ရှိလာမှာဖြစ်တဲ့အတွက် ပိုပြီး ကြည်နူးမိပါတယ်။ နောင်တစ်ချိန်မှာ မာရဝိဇယဘုရားကြီးက ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားတဲ့ ပြယုဂ်တစ်ခုအဖြစ် တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဗိသုကာလက်ရာဆိုရင်လည်း မြန်မာမှုတွေနဲ့ လက်ရာ ပြောင်မြောက်အောင် ထွင်းထုထားတာ တွေ့မြင်ရတဲ့အတွက် တကယ်ကို အံ့မခန်းဖြစ်မိပါတယ်။

သာသနိက အဆောက်အအုံတွေဆိုရင်လည်း ဗိသုကာလက်ရာ ပြောင်မြောက်လို့ မြန်မာမှာ ဒီလို အင်ဂျင်နီယာတွေ၊ ဗိသုကာပညာရှင်တွေရှိတာ တွေ့ရလို့ ဝမ်းသာပါတယ်။ ကျောက်စာရုံစေတီ အဆူ ၇၂၀ ဆိုရင်လည်း ဘာသာနှစ်မျိုးနဲ့ ရေးထိုးထားတာ ဖြစ်တဲ့အတွက် ဘုရားကြီး လာရောက်ဖူးမြော်သူတွေအတွက်ရော သာသနာအတွက်ပါ တန်ဖိုးမဖြတ်နိုင်အောင် ကောင်းမွန်တယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့် အနယ်နယ် အရပ်ရပ်က ပြည်သူတွေ ဘုရားကြီးကို မရောက်ရောက်အောင် လာဖူးကြပါလို့လည်း ပြောချင်ပါတယ်။

**ဒေါ်လှလှဝင်း**
**(ဘဏ္ဍာဝန်ထမ်း၊ ရန်ကုန်တိုင်းဒေသကြီး)**

ကျွန်မတို့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်နဲ့ လာရောက် ဖူးမြော်ကြတာဖြစ်ပါတယ်။ ကျွန်မတို့ဘဏ်ရဲ့ မိသားစုတွေအကုန်လုံး တစုတစည်းတည်း လာရောက်ဖူးမြော်ကြတာ ဖြစ်ပါတယ်။ ဘုရားကြီးကို အပြင်မှာ မျက်မြင်ဖူးလိုက်ရတော့ အလွန်ဝမ်းသာ ကြည်နူးဖြစ်မိပါတယ်။ ဘုရားဖူးပြီး ရတဲ့ဝမ်းသာကြည်နူးမှုဆိုတာက ဘာနဲ့မှ မတူပါဘူး။ ဘုရားကြီးဖူးမြော်ရတာ အေးချမ်းပြီး စိတ်ချမ်းသာရပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓရုပ်ပွားတော်ကြီးက ဉာဏ်တော်အမြင့်ဆုံး ဖြစ်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ အဝေးကြီးက လာရပေမယ့် ဘုရားကြီးကို ဖူးမြော်လိုက်ရတော့ ပင်ပန်းတယ်လို့တောင် မထင်မိပါဘူး။ လာဖူးတဲ့ ဘုရားဖူးပြည်သူတွေကို ကြည့်ပြီး ကျွန်မပါ ကြည်နူးမှုတွေ ကူးစက်ပါတယ်။ အားလုံး ဘုရားကြီးကို လာရောက်ဖူးမြော်ကြပါ၊ ကြည်နူးစရာ ကောင်းပါတယ်လို့ ပြောချင်ပါတယ်။

**ဦးစိုးသိန်း (ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)**

ကျွန်တော်တို့က ပြင်ဦးလွင် သွားပြီး အပြန်မှာ ဗုဒ္ဓဆင်းတုတော်ကြီးရဲ့ ဂုဏ်သတင်းက ကျော်ကြားနေလို့ လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆင်းတုတော်ကြီး ရှိတယ်ဆိုတဲ့ ဂုဏ်ယူမှုနဲ့အတူ လာရောက် ဖူးမြော်တာဖြစ်ပါတယ်။ ဘုရားကြီးကို အပြင်မှာ ဖူးမြော်လိုက်ရတော့ ရင်ထဲမှာ နှစ်နှစ်ကာကာ ကြည်နူးမိတဲ့အတွက် အားလုံးကို လာရောက် ဖူးမြော်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးအာကာဖြိုးလွင်**
**(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း၊ ရန်ကုန်တိုင်းဒေသကြီး)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဌာနဆိုင်ရာ ဝန်ထမ်းတွေ မာရဝိဇယဘုရားကြီး ဖူးမြော်ရအောင် စီစဉ်ပေးလို့ လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ကမ္ဘာ့အကြီးဆုံးထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်ကြီးကို ဖူးမြော်ရတဲ့အတွက် အလွန်ပဲဝမ်းသာပီတိဖြစ်မိပါတယ်။ စကျင်ကျောက်ကို ထွင်းထုပြီး ဘုရားကြီးတည်တယ်ဆိုတာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာတစ်ခုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံသားတစ်ယောက် ဖြစ်ရတာ ဂုဏ်ယူမိပါတယ်။ ဘုရားကြီးကို လာရောက် မဖူးမြော်ရသေးတဲ့ ပြည်သူတွေလည်း စကျင်ကျောက်ဆင်းတုတော်တွေထဲမှာ အကြီးဆုံးဖြစ်တဲ့ မာရဝိဇယဘုရားကြီးကို လာရောက် ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။

**အငယ်လေး (ပညာရေးဝန်ထမ်း၊ ရန်ကုန်တိုင်းဒေသကြီး)**

ကျွန်တော်တို့ ဝန်ထမ်းတွေကို မာရဝိဇယဘုရားကြီး ဖူးမြော်လို့ရအောင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စီစဉ်ပေးတာဖြစ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ခွင့်ရလို့ ဝမ်းသာကြည်နူးဖြစ်မိပါတယ်။ ဘုရားကြီးကို ဖူးထိုက်လို့ ဖူးရတယ်လို့ ထင်မိပါတယ်။ မာရဝိဇယဘုရားကြီးကို အလွန်ဖူးမြော်ချင်နေတဲ့ စိတ်ဆန္ဒလည်း ပြည့်ဝသွားပါတယ်။ အနယ်နယ် အရပ်ရပ်က ပြည်သူတွေ ဘုရားကြီးကို လာရောက်ဖူးမြော်ကြပါ၊ ကြည်ညိုစရာ အလွန်ကောင်းပါတယ်လို့ ဖိတ်ခေါ်ပါတယ်။

## မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၉၀၀ ထုတ်ချေးပြီးစီး

**မြင်းခြံ  စက်တင်ဘာ ၂**

မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တောင်သာမြို့နယ် ထန်းတောကျေးရွာ၊ တလိုင်းရပ်(ရွာသစ်) ကျေးရွာနှင့် နွားထိုးကြီးမြို့နယ် ပဒေါင်းကျေးရွာတို့၌ ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဩဂုတ်လ ဒုတိယပတ်မှ စတင်ထုတ်ချေးခဲ့ရာ ယခုအခါ စီမံကိန်းဝင် ကျေးရွာသုံးရွာအား စုစုပေါင်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် သိန်း ၉၀၀ ကို ထုတ်ချေးပေးနိုင်ခဲ့ပြီး စီမံကိန်းနှင့် အကျုံးဝင်သည့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ် သုံးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ကာ ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ စုစုပေါင်း ကျေးရွာယူနစ် ၁၂၅ ယူနစ်၊ ကျေးရွာပေါင်း ၁၃၇ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၂၂၂**

# အရည်အချင်း ညံ့ညံ့ အစွမ်းအစ မဲ့မဲ့

ကျော်မြင့်ထွန်း (ပါရီ)

ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ကိုလိုနီအရှင်သခင်ကြီးတွေရဲ့ ကုပ်သွေးစုပ်မှုကို လူးလူးလွန့်လွန့်ခံစားခဲ့ကြရအပြီး အာဖရိက ရှစ်နိုင်ငံဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ကို ရယူလိုက်ကြပါပြီ။ အခုထိတော့ ရှစ်နိုင်ငံ၊ နောက်ထပ်တိုးဖို့ ရှိနေလေသေးရဲ့။

**သမ္မတပြုပေါင်းစုထား**

ဂျီနီဗာနဲ့ နယူးယောက်မြို့ကြီးတွေရှိ အိုင်ဗျူရီတာဝါတွေထဲရှိနေကြတဲ့ ကိုယ့်ဘက်ယက် ကိုယ်ကျိုးရှာ အတ္တဟိတသမားတွေ၊ အရည်အချင်းညံ့ညံ့ အစွမ်းအစမဲ့မဲ့ ကိုယ်ကျိုးအတ္တကြီးသူတွေနဲ့ အတူ သမ္မတပြုပေါင်းစုထားတဲ့ အနောက်တိုင်းနိုင်ငံတွေဟာ ဒီမိုကရေစီ စံတန်ဖိုးတွေကတော့ ဒီလိုရှိပါတယ်လို့ အမြဲတစေ အာပေါင်အာရင်းသန်သန် ဟောပြောနားချလေ့ရှိကြတယ်။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံမှာ မိသားစုတစ်စုတည်းက နှစ်ပေါင်း ၆၀ (နှစ်ပေါင်း ၆၀ တဲ့ဟေ့) အုပ်စိုးနေချိန်မျိုး၊ ဖခင်အရိုက်အရာကို သားကဆက်ခံပြီး အာဏာဆက်ယူနေချိန်မျိုး၊ ပြည်သူတွေဆီကနေ ငွေကြေး ဘီလီယံပေါင်းများစွာကို ခိုးဝှက်နေချိန်မျိုးမှာ ဒါတော့ဖြင့် ဒီမိုကရေစီနည်းလမ်းမကျပါဘူးလို့ သူတို့မရှုမြင်ကြဘူး။ အစဉ်တစိုက် မှန်မှန်ကျင်းပလာတဲ့ ရွေးကောက်ပွဲတွေမှာတော့ မဲလိမ်ကြ၊ မဲခိုးကြနဲ့။ ဒီအချိန်မှာ ဂျီနီဗာနဲ့ နယူးယောက်က အတ္တဟိတသမားတွေ ဘယ်ရောက်နေကြပါလိမ့်။

အတ္တဟိတသမားတွေဟာ လျှို့ဝှက်ဘဏ်စာရင်းတွေ ဖွင့်ထားကြပြီး လူကုံထံတို့ ဆင်မြန်းစရာ ဖက်ရှင်အမှတ်တံဆိပ်တွေ ရောင်းချပေးတဲ့ နာမည်ကျော်ဈေးတန်းတည်ရှိရာ လန်ဒန်မြို့တော်က ဘွန်းလမ်းမကြီး၊ လူ့မလိုင်တွေ ပျော်ပါးရာ နေရာတစ်နေရာဖြစ်တဲ့ ပါရီမြို့က လက်စ်ဂယ်လရီကုန်တိုက်ကြီး၊ သာယာနာပျော်ဖွယ်ရာ ဂျီနီဗာမြို့တော်ကြီးတို့မှာ ပျော်ပျော်ပါးပါးလည်ပတ်ခွင့်ရှိနေသမျှ ကာလပတ်လုံး လူ့အခွင့်အရေးတို့၊ ဒီမိုကရေစီတို့နဲ့ ပတ်သက်ပြီး အာပေါင်အာရင်းသန်သန် ဟစ်ကြွေးနေလေ့မရှိပါဘူး။

တိုင်းပြည်ကို ဘယ်သူပဲအုပ်ချုပ် အုပ်ချုပ် သူတို့အတွက် အရေးမကြီးလှပါဘူး။ တိုင်းပြည်အုပ်ချုပ်သူဟာ မိသားစုတစ်စုတည်းလည်း ဖြစ်နိုင်တယ်၊ လူတစ်ဦးတည်းလည်း ဖြစ်နိုင်တယ်။ တိုင်းပြည်ဟာ သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝပေမယ့်၊ ကုန်းကောက်စရာမရှိတဲ့ ပြည်သူတွေ နေထိုင်တဲ့ နိုင်ငံဖြစ်ပေမယ့် ဒီအချက်ဟာ အတ္တဟိတသမားတွေအတွက် အရေးမကြီးလှပါဘူး။

သက်ဆိုင်ရာနိုင်ငံတစ်နိုင်ငံဟာ အင်အားရှင်နိုင်ငံကြီးအချို့နဲ့ ဟန်ချက်ညီညီ သဟဇာတ ပြုနိုင်သေးသရွေ့၊ အစွန်းရောက်ဝါဒီတွေကို တိုက်ထုတ်နိုင်ဖို့ဆိုတဲ့ ဟန်ရေးပြမှုနဲ့အတူ စစ်စခန်းတွေကို အင်အားရှင်နိုင်ငံတွေ အသုံးပြုခွင့် ရနေသေးသရွေ့ အတ္တဟိတသမားတွေအတွက် အရာရာဟာ အဆင်ပြေချောမွေ့နေဆဲပါ။



ဂျီနီဗာနဲ့ နယူးယောက်မြို့ကြီးတွေရှိ အိုင်ဗျူရီတာဝါတွေထဲရှိနေကြတဲ့ ကိုယ့်ဘက်ယက် ကိုယ်ကျိုးရှာ အတ္တဟိတသမားတွေ၊ အရည်အချင်းညံ့ညံ့ အစွမ်းအစမဲ့မဲ့ ကိုယ်ကျိုးအတ္တကြီးသူတွေနဲ့အတူ သမ္မတပြုပေါင်းစုထားတဲ့ အနောက်တိုင်းနိုင်ငံတွေဟာ ဒီမိုကရေစီစံတန်ဖိုးတွေကတော့ ဒီလိုရှိပါတယ်လို့ အမြဲတစေ အာပေါင်အာရင်းသန်သန် ဟောပြောနားချလေ့ရှိကြတယ်။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံမှာ မိသားစုတစ်စုတည်းက နှစ်ပေါင်း ၆၀ (နှစ်ပေါင်း ၆၀ တဲ့ဟေ့) အုပ်စိုးနေချိန်မျိုး၊ ဖခင်အရိုက်အရာကို သားကဆက်ခံပြီး အာဏာဆက်ယူနေချိန်မျိုး၊ ပြည်သူတွေဆီကနေ ငွေကြေး ဘီလီယံပေါင်းများစွာကို ခိုးဝှက်နေချိန်မျိုးမှာ ဒါတော့ဖြင့် ဒီမိုကရေစီနည်းလမ်းမကျပါဘူးလို့ သူတို့မရှုမြင်ကြဘူး။ အစဉ်တစိုက် မှန်မှန်ကျင်းပလာတဲ့ ရွေးကောက်ပွဲတွေမှာတော့ မဲလိမ်ကြ၊ မဲခိုးကြနဲ့။ ဒီအချိန်မှာ ဂျီနီဗာနဲ့ နယူးယောက်က အတ္တဟိတသမားတွေ ဘယ်ရောက်နေကြပါလိမ့်။

သိပ်မကြာလှသေးပါဘူး၊ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဂါဘွန်နိုင်ငံမှာ ရွေးကောက်ပွဲလုပ်တယ်။ ဒါပေမဲ့ နိုင်ငံခြားက လာရောက်တဲ့ရွေးကောက်ပွဲအကဲခတ်တွေကို တစ်ယောက်တစ်လေမျှ မတွေ့မြင်ရဘူး။ တတိယကမ္ဘာမှာ ကျင်းပတဲ့ ရွေးကောက်ပွဲတွေဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဟုတ်၊ မဟုတ် အကဲဖြတ်ဖို့ မဲလိမ်မဲခိုးခြင်း ရှိ၊ မရှိ စောင့်ကြည့်ဖို့ ရွေးကောက်ပွဲအကဲခတ်တွေကို စေလွှတ်ပေးလေ့ရှိပါတယ်။

**ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်**

ပြောရဦးမယ် အရပ်ကတို့။ နယူးယောက်မြို့ရှိ အတ္တဟိတသမားတွေရှိနေတဲ့ အဆောက်အအုံအတွင်းမှာ ရွေးကောက်ပွဲအထောက်အကူပေးရေး ဌာနခွဲတစ်ခုရှိပါတယ်။ သူတို့ ဟောက်စား၊ ခြောက်စားလုပ်လို့ရတဲ့ (အနိုင်ကျင့်လို့ရတဲ့) တတိယနိုင်ငံ တစ်နိုင်ငံမှာ ရွေးကောက်ပွဲတစ်ပွဲလုပ်တော့မယ်ဆိုရင်တော့ ရွေးကောက်ပွဲအကဲခတ်တွေကို အပူတပြင်းစေလွှတ်နိုင်ဖို့အတွက် သူတို့မဖြစ်မနေ တွန်းတွန်းတိုက်တိုက် လုပ်ကိုင်လေ့ရှိကြတယ်။ အဲ...ဒါပေမဲ့ တတိယကမ္ဘာရှိ နိုင်ငံတစ်နိုင်ငံဟာ အနောက်တိုင်း အင်အားရှင်နိုင်ငံတွေရဲ့ ကာကွယ်စောင့်ရှောက်မှုအောက်မှာ ရှိနေမှဖြင့် အတ္တဟိတသမားတွေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြပြီ။ ဂါဘွန်နိုင်ငံမှာ မကြာမီက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေဟာဖြင့် သူတို့အမြင်မှာ ဒီမိုကရေစီနည်းလမ်းနဲ့ အညီအညွတ်ဖြစ်တယ်လို့ဆိုပဲ။

အတ္တဟိတသမား ဒီလူတွေကပဲ အမျိုးသမီးတွေ အခွင့်အရေးရဖို့၊ ကျားမတန်းတူညီမျှမှုရဖို့ ဟောပြောနားချလေ့ရှိကြတယ်။ ဒီရက်သတ္တပတ်အတွင်း နိုင်ဂျာနိုင်ငံ မြို့တော်နိုင်ယာမေမှာ အမျိုးသမီးကြီးတွေ ရာပေါင်းများစွာ ကန့်ကွက်ဆန္ဒပြခဲ့ကြတယ်။ ဒီအတ္တဟိတသမားတွေဟာ ဆန္ဒပြနေကြတဲ့ အမျိုးသမီးတွေရဲ့ အရေးကိစ္စအတွက် ဘာများလုပ်ပေခဲ့ကြလို့လဲ။ ဒီအမျိုးသမီးတွေဟာ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် မိသားစုတစ်စုတည်းက ဆိုးဆိုးသွမ်းသွမ်း ဖိနှိပ်အုပ်ချုပ်မှုရဲ့ အောက်မှာ နေထိုင်ကြီးပြင်းလာခဲ့ကြရသူတွေပါ။

မကြာသေးမီ ရက်သတ္တပတ် များအတွင်းမှာတော့ လစ်ဗျားနိုင်ငံ မြို့တော် ထရီပိုလီမှာ တိုက်ပွဲတွေပြန်ဖြစ်တယ်။ လပေါင်းအတန်ကြာ ကာလအတွင်း အဆိုးရွားဆုံးတိုက်ခိုက်မှုတွေပါ။ အတ္တဟိတကိုယ်ကျိုးသမားတွေ အဲဒီမြို့တော်မှာ လှုပ်ရှားနေခဲ့တာ ၁၀ နှစ်ရှိခဲ့ပါပြီ။ ၁၀ နှစ်အကြာကာလ ယနေ့လစ်ဗျားအခြေအနေ ဘဇာသို့နည်း။

ဆူဒန်နိုင်ငံအကြောင်း ဆွေးနွေးကြစို့ရဲ့။ ဆူဒန်ပြည်တွင်းစစ်ဟာ ထိန်းမနိုင်၊ ချုပ်မရ အခြေအနေနဲ့အတူ ဆိုးရွားသည်ထက် ဆိုးရွားလာနေပြီး ပြည်သူတစ်သန်းခန့် စစ်ဘေးလွတ်ရာသို့ ထွက်ပြေးနေကြရပါတယ်ဆိုတဲ့ သတင်းခေါင်းစဉ်တွေကို မကြာမီက ဖတ်ရှုခဲ့ရပြန်ပါတယ်။ ကိုယ်ကျိုးအတ္တသမားတွေ ဆူဒန်နိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ဟန်ရေးပြ လှုပ်ရှားနေခဲ့ကြပြီးပြီမဟုတ်လား။ ဆူဒန်ပြည်သူတွေရဲ့ ဒုက္ခအဝဝ ဖြေလျှော့နိုင်အောင် သူတို့ဘာတွေ လုပ်ပေးနိုင်ခဲ့လို့လဲ။

ဟေတီနိုင်ငံကို အာရုံစိုက်ဦးမလား။ သူတို့ရဲ့ အလွဲအချော်တွေ၊ အရည်အချင်းညံ့ဖျင်းမှုတွေ တစ်ပုံတစ်ခေါင်းကိုပဲ ဆက်တိုက်တွေ့မြင်နေကြရပါတယ်။ ။

ပြောရဦးမယ်အရပ်ကတို့။ နယူးယောက်မြို့ရှိ အတ္တဟိတသမားတွေရှိနေတဲ့ အဆောက်အအုံအတွင်းမှာ ရွေးကောက်ပွဲအထောက်အကူပေးရေး ဌာနခွဲတစ်ခုရှိပါတယ်။ သူတို့ ဟောက်စား၊ ခြောက်စားလုပ်လို့ရတဲ့ (အနိုင်ကျင့်လို့ရတဲ့) တတိယနိုင်ငံ တစ်နိုင်ငံမှာ ရွေးကောက်ပွဲတစ်ပွဲလုပ်တော့မယ်ဆိုရင်တော့ ရွေးကောက်ပွဲအကဲခတ်တွေကို အပူတပြင်းစေလွှတ်နိုင်ဖို့အတွက် သူတို့မဖြစ်မနေ တွန်းတွန်းတိုက်တိုက် လုပ်ကိုင်လေ့ရှိကြတယ်။ အဲ...ဒါပေမဲ့ တတိယကမ္ဘာရှိ နိုင်ငံတစ်နိုင်ငံဟာ အနောက်တိုင်း အင်အားရှင်နိုင်ငံတွေရဲ့ ကာကွယ်စောင့်ရှောက်မှုအောက်မှာ ရှိနေမှဖြင့် အတ္တဟိတသမားတွေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြပြီ။ ဂါဘွန်နိုင်ငံမှာ မကြာမီက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေဟာဖြင့် သူတို့အမြင်မှာ ဒီမိုကရေစီနည်းလမ်းနဲ့ အညီအညွတ်ဖြစ်တယ်လို့ဆိုပဲ။

# နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကေလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေသြဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်း လုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်သည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ရှမ်းကွင်းကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာပြည်သူများကိုယ်တိုင် စီမံခန့်ခွဲပြီး ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းလမ်း အရှည်ပေ ၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ဒု ခုနစ်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဆင-သလိပ်ကြီး-တူးမြောင်း-ဂျိုဝါကြံခင်းလမ်းပေါ်ရှိ ချောင်းကူး သံကူကွန်ကရစ်တံတား အရှည်ပေ ၁၆၀ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ကြိုးကြပ်ဆောင်ရွက်ကြရန်၊ ကျေးရွာသူ ကျေးရွာသားများသာမက တာဝန်ရှိသူအားလုံးဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ ကျေးရွာချင်းဆက်တံတား တည်ဆောက်ပြီးစီးပါက လမ်းဘေး ဝဲ/ယာရှိ ကျေးရွာ ခြောက်ရွာ၊ အိမ်ခြေ ၁၁၉၃ အိမ်၊ လူဦးရေ ၅၃၇၅ ဦးတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အကျိုးပြုပေးနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ် လက်ပန်ကျေးရွာရှိ ငြိမ်းချမ်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် အသင်းသားတောင်သူ ၂၅ ဦး၏ လယ်မြေ ဧက ၂၁၀ နှင့် ဖျာပုံမြို့နယ် ကွန်ဒိုင်းကြီးကျေးရွာရှိ ကြံတိုင်းအောင် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၇ ဦး၏ လယ်မြေ ၂၄၆ ဧကတွင် မိုးစပါးစိုက်ပျိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ကြရန်နှင့် တောင်သူများ၏ စိုက်ပျိုးရေးလိုအပ်ချက်များ အချိန်မီဖြည့်ဆည်းပေးနိုင်ရေး ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၃ သင်းမှ လယ်မြေ ၂၇၉၉ ဧက စိုက်ပျိုးနေသော အသင်းအမှုဆောင်များ၊ အသင်းသား တောင်သူများနှင့် တွေ့ဆုံခဲ့ရာ သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကေလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေသြဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်မှာ တောင်သူများ၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ လက်ရှိစိုက်ပျိုးနေသော စပါးမျိုးများအပြင် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ ဓာတ်မြေသြဇာသုံးစွဲမှု လျှော့ချနိုင်ရေး သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲကြရန်၊ ပိုက်ဆံလျှော်ပင်များ စိုက်ပျိုးကြရန်၊ တစ်ဧက အထွက်နှုန်း တိုးတက်မှသာလျှင် တောင်သူများ ဝင်ငွေတိုးပွားနိုင်မည်ဖြစ်ပြီး လိုအပ်သည့်စိုက်နည်းစနစ်၊ စိုက်ပျိုးရေးရရှိရေးတို့အတွက် မိမိတို့ ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများ အောင်မြင်ရေး ပုံမှန်ထိန်းကျောင်း တည့်မတ်ပေးရန်၊ စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန်၊ သီးနှံပေါ်ချိန်တွင် သတ်မှတ်ချက်များနှင့်အညီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် မြန်မာ့လယ်ယာစိုက်ပျိုးရေး ဘဏ်ချေးငွေများ ပြန်လည်ပေးဆပ်ကြရန်၊ ရိုးသားကြိုးစားပြီး အလုပ်လုပ်ကြခြင်းဖြင့် အကြွေးကျေခြင်းကို ဂုဏ်ယူကြရန်နှင့် ဆောင်ရွက်ပြီး နွေစပါးနှင့် ပဲတီစိမ်းစီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်းအတွက် သွင်းအားစု ဓာတ်မြေသြဇာများကို စီမံကိန်းလုပ်ငန်းများအလိုက် ပံ့ပိုးဆောင်ရွက်နေမှုအခြေအနေများနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကြက်ဖမွေအောင် ကျွန်းပတ်တာ အကျိုးပြုဧက ၃၄၀၀၀ ကျော်နှင့် လက်ပန်ပင် ကျွန်းပတ်တာ အကျိုးပြုဧက ၁၁၀၀၀ ကျော်အတွက် ရေငန်တားခြင်းနှင့် ရေချိုထိန်းမည့် အစီအမံအား ရှင်းလင်းတင်ပြသည်။

ထို့နောက် သမဝါယမအသင်း ၁၃ သင်းမှ အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် မော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်း ဖွင့်လှစ်ပို့ချပေးနေသည့် လယ်ကိုင်းကျေးရွာသို့ သွားရောက်ပြီး သင်တန်းသားများနှင့် တွေ့ဆုံခဲ့သည်။ တာဝန်ရှိသူများ၏ သင်တန်းဖွင့်လှစ်ပို့ချနေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက သင်တန်းအောင်မြင်ပြီး ထူးချွန်သင်တန်းသားများအား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ကိုယ်ပိုင်စီးပွားရေး ထူထောင်နိုင်သည်အထိ ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ်ရှိ အောင်နိုင်သစ္စာ တန် ၂၅၀ ကျ ဆန်စက်သို့ရောက်ရှိရာ တာဝန်ရှိသူများက သမဝါယမအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ တောင်သူများသို့ မျိုး၊ သွင်းအားစု၊ ထောက်ပံ့ပေးမှုအခြေအနေ၊ ထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေများ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တောင်သူများ လိုအပ်သည့် နည်းပညာ၊ သွင်းအားစုများကို အကျိုးတူစနစ်ဖြင့်သက်သာအောင်ဆောင်ရွက်ပေးရန်၊ ဈေးနှုန်းခန့်မှန်းရရှိရေး ပြင်ဆင်ဆောင်ရွက်ပေးရန်၊ တောင်သူများ စီးပွားတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယခဝဲခြံမျက်မမြင်ကျောင်းတွင် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုအထောက်အကူပြုအမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့က အလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယခဝဲခြံ မျက်မမြင်ကျောင်းတွင် ကျေးဇူးတော် ချီးမွမ်းခြင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုအထောက်အကူပြု အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့က အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြန်မာနိုင်ငံခရစ်ယာန် မျက်မမြင်များ မိတ်သဟာယခဝဲခြံ မျက်မမြင်ကျောင်းတွင် ကျင်းပသည်။



**ပြန်လည်ပေးအပ်**

အခမ်းအနားတွင် ပဏာမကျမ်းစာဖတ်ကြားခြင်း၊ အဖွင့်ဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းများသီဆိုခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းအစီအစဉ်များ ဆောင်ရွက်ကြပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ခရစ်ယာန်ဒုတိယဥက္ကဋ္ဌ ဦးသောမတ်စ်နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဗဟိုအထောက်အကူပြု အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့မှ အလှူငွေပေးအပ်လှူဒါန်း၍ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယအဖွဲ့မှ အတွင်းရေးမှူး ဦးသိန်းလွင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကျောင်းတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၁၆ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အထူးကုဆေးရုံကြီး ခုတင် (၅၀၀) ရန်ကုန်၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ထားသည့်လူနာအား ကြည့်ရှုအားပေးစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၂**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် တာဝန်ရှိသူ များနှင့်အတူ ယနေ့နံနက် ၈ နာရီ တွင် ဩဂုတ် ၂၃ ရက်က အထူးကု ဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်၌ (၅၈)ကြိမ်မြောက် ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှုအောင်မြင် စွာ ဆောင်ရွက်နိုင်ခဲ့သည့် လက်ခံ သူလူနာ ဦးတင်မင်းထိုက်နှင့် ကျောက်ကပ်လှူဒါန်းသူ ဒေါ်ခိုင် နန္ဒာအောင်တို့ကို သွားရောက် ကြည့်ရှုကာ အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

**မှာကြား**

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ရန်ကုန်၏ အစည်း အဝေးခန်း၌ ဆေးရုံအုပ်ကြီးနှင့် ကျောက်ကပ်အစားထိုး ခွဲစိတ် ကုသမှုနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာ ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများနှင့် တွေ့ဆုံပြီး ပြည်သူများအနေဖြင့် ယခုထက် ပိုမိုအဆင်ပြေစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ခွဲစိတ်ကုသမှု ခံယူနိုင်ရေးအတွက် ဆောင်ရွက် သွားရမည် ဖြစ်သကဲ့သို့ ကျောက်ကပ်လက်ခံသူ လူနာနှင့် ကျောက်ကပ်လက်ခံမည့် လူနာ ရှင်များအကြား ပိုမိုအဆင်ပြေ ချောမွေ့စွာ လှူဒါန်းလက်ခံနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်သွားရ မည်ဖြစ်ကြောင်း၊ လူနာများ၏ အကျိုးအတွက် ကျောက်ကပ် အစားထိုးခွဲစိတ်ကုသမှုများ ပုံမှန် ဆောင်ရွက်နိုင်ရေးနှင့် အသည်း အစားထိုးကုသမှုများ ပြန်လည် ဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့စေရေး ဝိုင်းဝန်း ဆောင်ရွက်ကြရန်၊ အဆိုပါ ကိုယ်အင်္ဂါ အစိတ်အပိုင်း အစားထိုး ခွဲစိတ်ကုသမှုများကို မျိုးဆက်သစ် ဆရာဝန်များထံ လက်ဆင့်ကမ်း သင်ကြားပေးနိုင် ရေးအတွက်လည်း ထည့်သွင်း စီစဉ်ဆောင်ရွက်ရန် မှာကြားပြီး ဆရာဝန်ကြီးများ၏ တင်ပြချက် များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုမှ ကျောက်ကပ် လှူဒါန်းသူသည် ကျန်းမာရေး ကောင်းမွန်ပြီဖြစ်သဖြင့် ဩဂုတ် ၃၀ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီး ဖြစ်ပြီး လက်ခံသူ လူနာ၏ ကျန်းမာရေး အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကာ သက်ဆိုင်ရာ ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများက အနီးကပ် ကြည့်ရှုကုသမှုများ ဆောင်ရွက် ပေးလျက်ရှိသည်။



ယင်းနောက် ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန အစည်း အဝေးခန်းမ၌ မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သွားနှင့်ခံတွင်းဆိုင်ရာ ဆေး ကောင်စီအနေဖြင့် သွားနှင့်ခံတွင်း ဆရာဝန်များကို ကျင့်ဝတ်နှင့်အညီ လိုက်နာနိုင်ရေး ထိန်းကျောင်း ကြပ်မတ်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြ သည့် မြန်မာနိုင်ငံ ဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်အေး၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်း၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုးတို့က ယခင်အတွေ့ အကြုံများအပေါ်အခြေခံ၍ ပိုမို ကောင်းမွန်သော ညီလာခံတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဆွေးနွေးကြသည်။

ဆက်လက်၍ ကုသရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ကျန်းမာ ရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ ဆေးသုတေ သနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်တို့က ကော်မတီ အလိုက် ပြင်ဆင်ဆောင်ရွက်ထား ရှိမှုများကို ရှင်းလင်းတင်ပြကြ သည်။

**ကဏ္ဍအလိုက် ဆွေးနွေး**

ထို့နောက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြား ရေးမှူးများက ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံကို၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ ပြည်တွင်း၊ ပြည်ပ ပညာရှင်များက စာတမ်းများ ဖတ်ကြားတင်သွင်း ကြမည်ဖြစ်ပြီး သွားနှင့် ခံတွင်း ဆရာဝန်များ၊ ပြင်ပပုဂ္ဂလိက သွားနှင့်ခံတွင်း ဆရာဝန်များ၊ သွားကျန်းမာရေး သူနာပြုများ၊ သွားတု ကျွမ်းကျင်သူများနှင့် မိတ်ဖက် အဖွဲ့အစည်းများမှ ပညာရှင်များ တက်ရောက်ဆွေးနွေး ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ဆင်သေချောင်းတံတား(ကျောက်ချက်)လေးလမ်းသွားတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း လမ်းဘေးမြေဖို့ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ရန်ကုန်- မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၂၃/၁)ရှိ ဆင်သေ ချောင်းတံတား (ကျောက်ချက်) လေးလမ်းသွားတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက် နေမှုများကို ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးခင်မောင်ဆွေက လိုက်လံရှင်းလင်းတင်ပြပြီး ဒုတိယ ဝန်ကြီးက တံတားတည်ဆောက် ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ယာဉ်များသွားလာမှုနှင့် လုပ်ငန်း ခွင်အန္တရာယ်ကင်းရှင်းရေး အထူး အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သတ်မှတ်စံချိန် စံညွှန်းများအတိုင်း အရည်အသွေး ကောင်းမွန်အောင် တည်ဆောက် ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး ဆောင်ရွက် ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-တောင်ငူ- မန္တလေး လမ်းဟောင်း မိုင်တိုင် အမှတ်(၂၁၀/၃)မှ (၂၁၁/၇)အတွင်း လမ်းဘေး ရေဝပ်ဧရိယာနေရာ များ၌ မြေဖို့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးဦးနှင့် တာဝန်ရှိသူ များက လုပ်ငန်းဆောင်ရွက်နေမှု များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လမ်းဘေးရှိ ရှင်သန်မှုမရှိသော သစ်ပင်များ နေရာကို မိုးတွင်းကာလအတွင်း အစားထိုး စိုက်ပျိုးသွားရန်၊ လမ်းဘေး ဝဲ/ယာရှိ ချုံနွယ်များ ရှင်းလင်းထားရန်နှင့် မြေဖို့ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးသည့် နေရာများတွင် မိုးတွင်းကာလ အတွင်း ရေစီးချောင်းများ ဖြစ်ပေါ် လာပါက ပြင်ဆင်ဆောင်ရွက်သွား ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ပေးအပ်**

ဦးစွာ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးလှိုင်က သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များနှင့် ထုတ်ကုန်ပစ္စည်း များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဆပ်ပြာဆီ၊ ဆပ်ပြာခဲ၊ ဆပ်ပြာခရင်မ်၊ ရေချိုးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ကြမ်းတိုက်ဆေး၊ မှန်ကြည်ဆေး၊ အနံ့ဆိုးပျောက်ဆေးရည်၊ ကော်ဖီ Scrub ပြုလုပ်နည်း အစရှိသည့် လူသုံးကုန်ပစ္စည်းပြုလုပ်နည်း ၁၈ မျိုးတို့ကို စာတွေ့၊ လက်တွေ့ဖြင့် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သင်ကြားပေးခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိ နေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်း အနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လှိုင်ကော်မြို့ ပညာရေးဒီဂရီကောလိပ်၌ သုံးထပ်ကျောင်းဆောင်သစ်နှင့် စားရိပ်သာဆောင်သစ် တည်ဆောက်နေမှုများအား ကြည့်ရှုစစ်ဆေး

**လှိုင်ကော် စက်တင်ဘာ ၂**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ အခြေခံပညာ၊ အဆင့်မြင့်ပညာ ကျောင်းများကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် လှိုင်ကော်မြို့ ပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်း၌ သုံးထပ်ကျောင်းသားအိပ်ဆောင်သစ် ဆောက်လုပ်နေမှု၊ ယခုလာမည့် ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ကျောင်းတက်ရောက်နိုင်ရေး၊ ကျောင်းသားအဆောင်များ အပြီးသတ်မွမ်းမံနေမှုနှင့် ကျောင်းသားစားရိပ်သာအသစ် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က လှိုင်ကော်မြို့ ပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်း၌ ကျောင်းသားအိပ်ဆောင်သစ် တည်ဆောက်နေမှုနှင့် စားရိပ်သာများ ပြင်ဆင်ဆောင်ရွက်နေမှုများကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးစေရေးနှင့် အရည်အသွေးများ ကောင်းမွန်စေရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားကြရန်နှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ စားရိပ်သာသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားကြပြီး ကျောင်းသား ကျောင်းသူများ စားရိပ်သာအတွက် ထပ်ဆောင်းထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော် ပျဉ်းမနားမြို့နယ် ဘန့်ဘားကျေးရွာအုပ်စု ဆိတ်ဖူးတောင်ကျေးရွာ၌ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ရောက်ရှိနေသည့် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်သည်။

**တက်ရောက်**

ဦးစွာ ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့သည် ဘန့်ဘားကျေးရွာအုပ်စု အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် ဗိုလ်မှူးကြီးမင်းနောင်နှင့်အဖွဲ့သည် သာသနာ့မဏ္ဍိုင်ရတနာ ကျောင်းတိုက်၌ ဘန့်ဘားကျေးရွာအုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဗိုလ်မှူးကြီးမင်းနောင်က မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် စီမံညွှန်ကြားမှုကြောင့် ပျဉ်းမနားမြို့နယ် အတွင်းရှိ တောင်ပေါ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပွင့်လင်းစွာ တင်ပြကြစေလိုကြောင်း၊ ထိုသို့ ဆွေးနွေးတင်ပြမှသာ ဒေသလိုအပ်ချက်များကို မိမိတို့အနေဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ မိမိရောက်ရှိနေသည့် အချိန်အတွင်း၌လည်း ကျေးရွာအုပ်စုအတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းလုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



ဆက်လက်၍ ဗိုလ်မှူးကြီးမင်းနောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘန့်ဘားကျေးရွာအုပ်စုအတွင်းရှိ ဆိတ်ဖူးတောင်၊ အောင်ဘိတ်သိတ်၊ လက်ဖက်တောင်၊ သံမရဲနှင့် သုံးခွတောကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ အိမ်ထောင်စုများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဗဟုသုတရဖွယ် သုတ၊ ရသ စာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ သဘာဝမြေသြဇာများနှင့် ကလေးကစားစရာတို့ကိုထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူက ဘန့်ဘားကျေးရွာအုပ်စုရှိ ကျေးရွာသူကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)တို့ကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများက မိမိတို့ဒေသအတွက်ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးမင်းနောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ဗိုလ်မှူးကြီးမင်းနောင်သည် နေပြည်တော် ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆိတ်ဖူးတောင် ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုအားပေးပြီး ကျန်းမာရေးဆိုင်ရာ ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဗိုလ်မှူးကြီးမင်းနောင်သည် ဆိတ်ဖူးတောင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း- သုံးခွတော၌ ပျဉ်းမနား တောင်ပေါ်ဒေသကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ စာပေသင်ကြားသင်ယူနေမှုအခြေအနေများကိုမေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးစာရေးကိရိယာ ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူကြရန် မှာကြားပြီး စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

ညနေပိုင်းတွင် ဗိုလ်မှူးကြီးမင်းနောင်နှင့် အဖွဲ့သည် ဆိတ်ဖူးတောင်ကျေးရွာ၌ တည်ထားတော်မူသည့် လောကရန်အောင်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကာ ဘုရားပရိဝုဏ်တော်အတွင်း သန့်ရှင်းသာယာလှပစေရေး အတွက် စုပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။ **သတင်းစဉ်**

# ပေါက်တောမြို့နယ် တောင်ချောင်ကျေးရွာ၌ မြစိမ်းရောင်ရန်ပုံငွေ (နဝမ)အကြိမ် ထုတ်ချေးပေး

**ပေါက်တော စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ချေးခြင်းကို ယမန်နေ့နံနက် ၁၁ နာရီတွင် တောင်ချောင်ကျေးရွာရှိ အသင်းသား အသင်းသူများအား (နဝမ)အကြိမ် ပြန်လည်ထုတ်ချေးပေးကြသည်။

ဦးစွာ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်း အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များကို မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းက ရှင်းလင်းပြောကြားပြီး တောင်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (နဝမ)အကြိမ် ရန်ပုံငွေထုတ်ချေးရာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၇ ဦးအား ငွေကျပ် ၂၀၀၀၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ အား ငွေကျပ် ၅၅၀၀၀၀၀၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးအား ငွေကျပ် ၄၀၀၀၀၀၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးအား ငွေကျပ် ၁၅၅၀၀၀၀၀ စုစုပေါင်း အသင်းသား အသင်းသူ ၁၅၂ ဦးအတွက် ရန်ပုံငွေကျပ် ၄၅၀၀၀၀၀၀ ကို ကျေးရွာမြစိမ်းရောင်ကော်မတီသို့ နေ့ချင်းထုတ်ပေးသည့်စနစ်ဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


❖

# ဖူကူရှီးမား စွန့်ပစ်ရေနှင့် နောက်ဆက်တွဲအကျိုးဆက်များ

တက္ကသိုလ်မောင်ရှုပ

ဂျပန်နိုင်ငံအနေနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းတွေပါဝင်နေတဲ့ ရေတွေကို သိုလှောင်ကန်မှာ ထိန်းသိမ်းထားပြီး ပြန်လည်သန့်စင်ခဲ့တဲ့ ပြုပြင်ပြီးရေတွေကို ၂၄-၈-၂၀၂၃ ရက်နေ့ ဂျပန်စံတော်ချိန် ၁၃:၀၃ နာရီကစပြီး ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ပြင်အတွင်း ပြန်လည်စွန့်ပစ်ခဲ့ပါတယ်။

ဒီလိုပြန်လည်စွန့်ပစ်သွားမယ့် ကိစ္စကိုလည်း ဂျပန်အစိုးရဟာ ၂၀၂၁ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ကတည်းက ဆုံးဖြတ်ချက်ချမှတ်ထားခဲ့တာ ဖြစ်ပါတယ်။ ဒီပြုပြင်ပြီး ရေတန်ချိန်ပေါင်း ၁ ဒသမ ၃ သန်းကို ရေလှောင်ကန်ပေါင်း ၁၀၀၀ မှာ သိုလှောင်ထားတာဖြစ်ပြီး နေ့စဉ်နဲ့အမျှလည်း ထပ်မံထွက်ရှိနေတဲ့အတွက် သိုလှောင်နိုင်မယ့်ပမာဏဟာ ပြည့်တော့မှာဖြစ်လို့ အခုလိုဆုံးဖြတ်ခဲ့ရတာဖြစ်တယ်လို့ ဂျပန်အစိုးရက သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဂျပန်အစိုးရက အခုလို ပြန်လည်သန့်စင်ပြီးတဲ့ရေတွေကို ပင်လယ်ပြင်အတွင်း စတင်စွန့်ပစ်ပြီး နာရီအနည်းငယ်အကြာမှာ တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံကနေ ပင်လယ်ရေထွက်အစားအစာ တင်သွင်းမှုအားလုံးကို ရပ်ဆိုင်းကြောင်း ကြေညာခဲ့ပါတယ်။ ဟောင်ကောင်ကလည်း ဂျပန်နိုင်ငံရဲ့ ပြည်နယ် ၁၀ ခုက ပင်လယ်ရေထွက်အစားအစာတွေ တင်သွင်းမှုကို ပိတ်ပင်ကြောင်း အဲဒီနေ့မှာပဲ ကြေညာခဲ့ပါတယ်။


၂၀၁၁ မြေငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးခဲ့သည့် ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုတစ်လုံးကို တွေ့ရစဉ်။

## ဖြစ်စဉ်အစ

၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ပစိဖိတ်ကမ်းလွန်ကို ဗဟိုပြုပြီး အင်အားအလွန်ပြင်းထန်တဲ့ ရစ်ချ်တာစကေး အဆင့် ၉ ရှိ မြေငလျင်ကြီး လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ရဲ့ ပြင်းအားပမာဏကိုက ကြီးမားတာရယ်၊ ငလျင်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ ဆူနာမီရေလှိုင်းကြီးတွေကြောင့် လူပေါင်း ၁၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ၂၅၀၀ ကျော် ပျောက်ဆုံးခဲ့ပါတယ်။ ငလျင်ရဲ့ဒဏ်ကို အများဆုံးခံစားခဲ့ရတဲ့ တိုဟိုကုဒေသ (Tohoku region) ဟာလည်း အပျက်အစီး အများဆုံးကြုံတွေ့ခဲ့ရပါတယ်။ အပျက်အစီးတွေထဲမှာ အန္တရာယ်အကြီးမားဆုံး အပျက်အစီးကတော့ ဖူကူရှီးမားခရိုင်အတွင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေတဲ့ အဏုမြူဓာတ်ပေါင်းဖိုအချို့ ထိခိုက်ခဲ့ခြင်းပဲဖြစ်ပါတယ်။

ဖူကူရှီးမားခရိုင် အိုကူးမမြို့ (Okuma) မှာရှိတဲ့ ဒိုင်အိချိအဏုမြူဓာတ်အားပေးစက်ရုံမှာ ဓာတ်ပေါင်းဖိုခြောက်လုံးရှိတဲ့အနက် ဓာတ်ပေါင်းဖိုလေးလုံးဟာ ငလျင်နဲ့ ဆူနာမီဒဏ်ကြောင့် ပျက်စီးမှုဖြစ်ခဲ့ပါတယ်။ ငလျင်လှုပ်တာနဲ့ ဒိုင်အိချိ အဏုမြူဓာတ်အားပေးစက်ရုံ ဓာတ်ပေါင်းဖိုမှာ လည်ပတ်နေတဲ့ အဏုမြူဓာတ်ပြိုကွဲခြင်းဖြစ်စဉ် (fission reactions) တွေဟာ အလိုအလျောက် ရပ်ဆိုင်းခဲ့ပါတယ်။

လျှပ်စစ်မီး ပျက်သွားတဲ့အတွက် ဓာတ်ပေါင်းဖိုအတွင်းပိုင်းက လောင်စာတွေ အပူချိန်မြင့်မားနေတာကို အအေးခံတဲ့စနစ် ဆက်လက်မောင်းနှင်နိုင်စေဖို့ ဒီဇယ်နဲ့မောင်းနှင်တဲ့ မီးအားပေးစက်တွေလည်း ပွင့်လာခဲ့ပါတယ်။ သို့သော် ငလျင်ကြောင့် ဖြစ်ပေါ်လာတဲ့ ဆူနာမီရေလှိုင်းကြီးတွေဟာ ၄၆ ပေအထိမြင့်မားတဲ့အတွက် ရေတားနံရံတွေကို ကျော်လွန်ရောက်ရှိလာပြီး ဓာတ်ပေါင်းဖိုလေးခုအတွင်း ရေတွေဝင်ရောက်ခဲ့ပါတယ်။

အကျိုးဆက်အဖြစ် ဒီဇယ်နဲ့မောင်းနှင်တဲ့ မီးအားပေးစက်တွေ ပျက်စီးသွားတဲ့အတွက် အအေးခံစနစ် ပျက်စီးသွားပြီး အဏုမြူပျော်ကျမှု (nuclear meltdown)၊ ဟိုက်ထရိုဂျင်ပေါက်ကွဲမှု (hydrogen explosion) တွေ ဖြစ်ပွားခဲ့ပြီး ဓာတ်ပေါင်းဖိုသုံးခုမှာ အဏုမြူဓာတ်ကြွပစ္စည်းတွေ စိမ့်ထွက်မှု ဖြစ်ပေါ်ခဲ့ရပါတယ်။ ပျက်စီးသွားတဲ့ ဓာတ်ပေါင်းဖိုတွေကနေ ရေဒီယိုသတ္တိကြွပစ္စည်းတွေ လေထုထဲကို ပျံ့လွင့်ခဲ့တဲ့အတွက် အနီးတစ်ဝိုက်ဒေသမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူ ၁၅၄၀၀၀ ကျော်ကို အန္တရာယ်ကင်းလွတ်ရာဒေသဆီ ရွှေ့ပြောင်းပေးခဲ့ရသလို ဓာတ်ပေါင်းဖိုထဲ ဝင်ရောက်လာတဲ့ ရေတွေမှာလည်း ရေဒီယိုသတ္တိကြွ အိုင်ဆိုတုပ်တွေ စိမ့်ဝင်ခဲ့ပြီး အချို့ရေတွေလည်း ပစိဖိတ်သမုဒ္ဒရာထဲ ပြန်လည်စီးဝင်ရောက်ရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်ကြီးဟာ ဂျပန်နိုင်ငံအတွက် ရေရှည် ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းရမယ့်ပြဿနာရဲ့ မူလအစ ဖြစ်လာခဲ့ပါတယ်။

## ဂျပန်အစိုးရ၏ ကိုင်တွယ်ဆောင်ရွက်မှုများ

ဂျပန်နိုင်ငံဟာ ရေဒီယိုသတ္တိကြွပစ္စည်းတွေ ပါဝင်နေတဲ့ရေတွေ ပင်လယ်ပြင်ထဲစီးဝင်နေမှု ရပ်တန့်စေဖို့ ဓာတ်ပေါင်းဖိုအနီးတစ်ဝိုက် ကမ်းရိုးတန်းမှာ ရေခဲနံရံ (Ice Wall) လို့ခေါ်တဲ့ အေးခဲထားတဲ့ မြေကြီးတွေနဲ့ ၁ ဒသမ ၅ ကီလိုမီတာအရှည်ရှိတဲ့ ရေတားနံရံကို ဆောက်လုပ်ခဲ့ပါတယ်။ ဂျပန်အစိုးရဟာ ပျက်စီးသွားတဲ့ အဏုမြူဓာတ်ပေါင်းဖိုတွေဆီက လောင်စာတောင့်တွေကို အအေးပေးနိုင်ဖို့ ရေနဲ့အမြဲဖျန်းနေရပါတယ်။ ဒီအအေးခံတဲ့ ရေတွေဟာ အဏုမြူလောင်စာနဲ့ ထိတွေ့ပြီးနောက်မှာ ရေဒီယိုသတ္တိကြွပစ္စည်းတွေ ရောနှောပါဝင်လာပါတယ်။

ဂျပန်အစိုးရဟာ ဒီရေဒီယိုသတ္တိကြွရေ (contaminated water) တွေကို ဖူကူရှီးမားဓာတ်ပေါင်းဖို အနီးတစ်ဝိုက်မှာ ရေလှောင်ကန်ကြီးတွေဆောက်ပြီး သိုလှောင်ထားရပါတယ်။ ပြီးတော့မှ သိုလှောင်ထားတဲ့ရေတွေကို Multi-nuclide removal equipment စက်ကြီးတွေအသုံးပြုပြီး Advanced Liquid Processing System (ALPS) နည်းစနစ်တွေနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းတွေကို ဖယ်ထုတ်ခဲ့ပါတယ်။

ဖယ်ထုတ်လို့မရတဲ့ ထရစ်တြီယံ (Tritium) ပစ္စည်းကလွဲလို့ ကျန်ရေဒီယိုသတ္တိကြွပစ္စည်းတွေကို ဖယ်ရှားပြီးတဲ့ရေ(Treated water)ကိုလည်း သိုလှောင်ကန်တွေမှာပဲ ဆက်လက်သိုလှောင်ထားပါတယ်။ ထရစ်တြီယံပစ္စည်းကလည်း ပမာဏသိပ်မများရင် အငွေ့ပျံသွားနိုင်လို့ သဘာဝပတ်ဝန်းကျင်နဲ့ လူသားတွေရဲ့ ကျန်းမာရေးကို မထိခိုက်စေနိုင်ဘူးလို့ ပညာရှင်တွေက ထောက်ပြပါတယ်။

ဖူကူရှီးမားဓာတ်ပေါင်းဖိုမှာ ရေဒီယိုသတ္တိကြွရေ တန်ချိန်ပေါင်း ၁ ဒသမ ၃ သန်းကို လှောင်ကန်ပေါင်း ၁၀၀၀ ကျော်နဲ့ သိုလှောင်ထားရသလို ၂၀၁၁ မြေငလျင်ကြောင့် ပျက်စီးသွားတဲ့ ဓာတ်ပေါင်းဖိုသုံးခုကို အအေးခံနေရတဲ့ လုပ်ငန်းစဉ်ကနေ နေ့စဉ် ရေဒီယိုသတ္တိကြွရေတန်ချိန် ၁၅၀ ထွက်ရှိနေပါတယ်။ လှောင်ကန်တွေရဲ့ ရေသိုလှောင်နိုင်မှုပမာဏက တန်ချိန် ၁ ဒသမ ၃၇ သန်းသာရှိတာကြောင့် လှောင်ကန်တွေပြည့်တော့မယ့်အခြေအနေမှာ ရှိနေပါတယ်။ ဒါကြောင့် ဂျပန်အစိုးရဟာ ပြန်လည်ပြုပြင်သန့်စင်ပြီးတဲ့ရေတွေကို ပင်လယ်ပြင်ထဲကို ပြန်လည်စွန့်ပစ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ပြန်လည် စွန့်ပစ်ရာမှာလည်း ပြန်လည်သန့်စင်ပြီးတဲ့ရေ မက်ထရစ်တန် ၄၆၀ ကို ပင်လယ်ရေ မက်ထရစ်တန် ၃၄၀၀၀၀ နဲ့ရောနှောပြီးမှ ပင်လယ်ရေအောက် ပိုက်လိုင်းကနေ တစ်ဆင့် ပြန်လည်စွန့်ပစ်တာဖြစ်ပါတယ်။ စာမျက်နှာ ၁၁ သို့ ❍


မြေငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးခဲ့သည့် ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုအနီးတစ်ဝိုက်တွင် ဂျပန်အစိုးရက ရေဒီယိုသတ္တိကြွရေများနှင့် သန့်စင်ပြီးရေများကို ရေလှောင်ကန်ကြီးများဖြင့် စနစ်တကျသိုလှောင်ထားသည်ကို တွေ့ရစဉ်။

**“အခုစွန့်ပစ်တဲ့ ပြန်လည်သန့်စင်ပြီးတဲ့ ရေတွေမှာပါဝင်တဲ့ ရေဒီယိုသတ္တိကြွမှုအဆင့်ဟာ ပုံမှန်သောက်သုံးရေမှာ ပါဝင်တဲ့ အဆင့်ထက် လျော့နည်းကြောင်း၊ ဂျပန်အစိုးရအနေနဲ့ ပြည်တွင်းစံနှုန်းတွေနဲ့ နိုင်ငံတကာစည်းမျဉ်း သတ်မှတ်ချက်တွေထက်ကျော်လွန်ပြီး လုံခြုံမှုအာမခံချက်ပေးနိုင်မယ့် နည်းလမ်းတွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ပြန်လည်သန့်စင်ရာမှာ ဖယ်ထုတ်လို့မရတဲ့ ထရစ်တြီယံ (Tritium) ဓာတ်သတ္တုကလည်း ပင်လယ်ရေနဲ့ရောပြီး အရည်ပျော်သွားမှာဖြစ်တဲ့အတွက် ထရစ်တြီယံအကြွင်းအကျန်ဟာ လူသားတွေရဲ့ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု မရှိသလောက် နည်းပါးတယ်လို့ ဂျပန်အစိုးရကပြောကြား”**




### ၂၀၂၃ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

❍ စာမျက်နှာ ၁၀ မှ

အခုပထမအကြိမ် ပြန်လည်စွန့်ပစ်မှုမှာ ပြန်လည်သန့်စင်ပြီး ရေတန်ချိန် ၃၂၀၀၀ ကို ၂၀၂၄ ခုနှစ် မတ်လကုန်မှာ စွန့်ပစ်သွားနိုင်ဖို့ ရည်မှန်းထားရှိပါတယ်။ ဒီပမာဏဟာ သိုလှောင်ထားတဲ့ ရေကန်ပေါင်း ၁၀၀၀ အနက်က ၁၀ ကန်ကိုသာ စွန့်ပစ်နိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ရေလှောင်ကန်ပေါင်း ၁၀၀၀ က သိုလှောင်ထားတဲ့ရေတွေကို စွန့်ပစ်နိုင်ဖို့က ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူဆောင်ရွက်သွားရမယ့်လုပ်ငန်းဖြစ်တာကို တွေ့မြင်နိုင်ပါတယ်။

အခုစွန့်ပစ်တဲ့ ပြန်လည်သန့်စင်ပြီးတဲ့ ရေတွေမှာပါဝင်တဲ့ ရေဒီယိုသတ္တိကြွမှုအဆင့်ဟာ ပုံမှန်သောက်သုံးရေမှာ ပါဝင်တဲ့အဆင့်ထက် လျော့နည်းကြောင်း၊ ဂျပန်အစိုးရအနေနဲ့ ပြည်တွင်းစံနှုန်းတွေနဲ့ နိုင်ငံတကာစည်းမျဉ်းသတ်မှတ်ချက်တွေထက် ကျော်လွန်ပြီး လုံခြုံမှုအာမခံချက်ပေးနိုင်မယ့်နည်းလမ်းတွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ပြန်လည်သန့်စင်ရာမှာ ဖယ်ထုတ်လို့မရတဲ့ ထရစ်တီယံ(Tritium)ဓာတ်သတ္တုကလည်း ပင်လယ်ရေနဲ့ရောပြီး အရည်ပျော်သွားမှာဖြစ်တဲ့အတွက် ထရစ်တီယံအကြွင်းအကျန်ဟာ လူသားတွေရဲ့ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု မရှိသလောက်နည်းပါးတယ်လို့ ဂျပန်အစိုးရက ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ဂျပန်နိုင်ငံကို လာရောက်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ရဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Rafael Grossi ကလည်း အဏုမြူဓာတ်ပေါင်းဖိုမှ ပြန်လည်သန့်စင်ပြီးတဲ့ရေတွေကို ပင်လယ်ပြင်အတွင်း ပြန်လည်စွန့်ပစ်မယ့် ဂျပန်အစိုးရရဲ့ အစီအစဉ်ဟာ "အပြည်ပြည်ဆိုင်ရာ




ဂျပန်နိုင်ငံ ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုမှ ပြန်လည်သန့်စင်ပြီးရေများ ပြန်လည်စွန့်ပစ်သည့်အစီအစဉ်ကို တောင်ကိုရီးယားနိုင်ငံတွင် ကန့်ကွက်မှုများ ပြုလုပ်နေစဉ်။

လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမှာ မရှိသလောက်ဖြစ်ကြောင်း" ပြောကြားခဲ့ပါတယ်။ IAEA ရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာထဲမှာလည်း ဒီအချက်ကို အလေးထားဖော်ပြခဲ့ပါတယ်။

ဒါပေမဲ့ IAEA အနေနဲ့ သဘာဝပတ်ဝန်းကျင် စောင့်ကြည့်စစ်ဆေးမှုလုပ်ငန်းစဉ်တွေကို ပြန်လည်စွန့်ပစ်ရေလုပ်ငန်းစဉ်ပြီးစီးသွားတဲ့အထိ လုပ်ဆောင်သွားမယ်လို့ ကတိပြုပြောကြားခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ အစီအစဉ်အပေါ် နိုင်ငံအချို့က လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းတွေနဲ့ကိုက်ညီကြောင်း ထောက်ခံပြောကြားကြပေမယ့် ဂျပန်ပြည်တွင်းမှာရော အိမ်နီးချင်းနိုင်ငံအချို့မှာပါ ကန့်ကွက်မှုတွေ ထွက်ပေါ်လာခဲ့ပါတယ်။

### ပြည်တွင်းပြည်ပ ကန့်ကွက်မှုများ

ဂျပန်နိုင်ငံရဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံတွေက ကန့်ကွက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ တရုတ်နိုင်ငံနဲ့ ဟောင်ကောင်ဒေသတို့ဟာ ဂျပန်နိုင်ငံရဲ့ ပြန်လည်သန့်စင်ပြီးတဲ့ရေတွေကို ပစိဖိတ်သမုဒ္ဒရာအတွင်း ပြန်လည်စွန့်ပစ်တဲ့ အစီအစဉ်အပေါ် အပြင်းအထန် ကန့်ကွက်လျက်ရှိပါတယ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရပုဂ္ဂိုလ် Wang Wenbin က ဂျပန်နိုင်ငံရဲ့အစီအစဉ်ဟာ ဂျပန်နိုင်ငံရဲ့ ကိုယ်ကျိုးကြည့်မှုနဲ့ တာဝန်မဲ့မှုကို ဖော်ပြနေပြီး နိုင်ငံတကာနဲ့ အပြည့်အဝ ညှိနှိုင်းတိုင်ပင်ခြင်းမရှိခဲ့ကြောင်း၊ လူသားအားလုံးရဲ့ ရေရှည်လူနေမှုဘဝထက် ဂျပန်နိုင်ငံရဲ့အကျိုးကိုသာ ကြည့်ပြီး ဆောင်ရွက်တဲ့လုပ်ရပ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေ ကွန်ဗင်းရှင်း (UNCLOS) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံအနေနဲ့ ကွန်ဗင်းရှင်းပါ အချက်တွေကို လိုက်နာဖို့လိုအပ်ကြောင်း၊ ပင်လယ်ပြင်ဟာ ဂျပန်နိုင်ငံရဲ့ ပုဂ္ဂလိကအမှိုက်စွန့်ပစ်ဖို့ နေရာမဟုတ်ကြောင်း၊ ရေဒီယိုသတ္တိကြွပြီး ပြန်လည်သန့်စင်ထားတဲ့ရေတွေကို ပင်လယ်ပြင်အတွင်း စွန့်ပစ်တာဟာ နောင်မှာအစဉ်အလာတစ်ခုဖြစ်သွားနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးတဲ့ရေတွေကို ပင်လယ်အတွင်း ပြန်လည်စွန့်ပစ်မှု စတင်ခဲ့တဲ့နေ့မှာပဲ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနဟာ တရုတ်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးကို ဆင့်ခေါ်ပြီး ကန့်ကွက်မှုပြုလုပ်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဂျပန်နိုင်ငံက တင်သွင်းလာတဲ့ ရေထွက်ကုန်ပစ္စည်းမှန်သမျှကို ပိတ်ပင်ကြောင်းကိုလည်း ကြေညာခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးရေတွေ ပင်လယ်ပြင်အတွင်း စွန့်ပစ်မယ့်ကိစ္စကို အစဉ်တစိုက်ကန့်ကွက်ခဲ့သလို ၂၀၂၃ ခုနှစ် ဇူလိုင်လကစပြီး ဂျပန်နိုင်ငံက တင်သွင်းလာတဲ့ ရေထွက်ပစ္စည်းတွေကို ရေဒီယိုသတ္တိကြွမှုစစ်ဆေးခြင်း(Radiation test) တွေ ပိုမိုတင်းတင်းကျပ်ကျပ် ပြုလုပ်လာခဲ့ပါတယ်။

ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးရေတွေ ပင်လယ်ပြင်အတွင်း စွန့်ပစ်မယ့်ကိစ္စကို ၂၀၂၁ ခုနှစ်မှာ စတင်ကြေညာစဉ် အဲဒီအချိန်က တောင်ကိုရီးယားအစိုးရကလည်း ကန့်ကွက်ခဲ့ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ လုံခြုံရေးနဲ့ ပင်လယ်ရေကြောင်း သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေမယ့် အခြေအနေတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ဂျပန်နိုင်ငံရဲ့ ဆုံးဖြတ်ချက်ကိုလုံးဝလက်မခံနိုင်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုးလ်မြို့မှာရှိတဲ့ ဂျပန်သံအမတ်ကြီးကို ဆင့်ခေါ်ကန့်ကွက်ခဲ့ပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ ၎င်းနဲ့အနီးဆုံး အိမ်နီးချင်းဖြစ်ပြီး ပင်လယ်ချင်း ထိစပ်နေတဲ့ တောင်ကိုရီးယားနိုင်ငံနဲ့ ညှိနှိုင်းခြင်းမရှိဘဲ တစ်ဖက်သတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံရဲ့ အခုလိုလုပ်ဆောင်မယ့် ကိစ္စအပေါ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာတရားရုံး (International Tribunal for the Law of the Sea) ကို တင်ပြသွားဖို့လည်း ထိုစဉ်က သမ္မတမွန်ဂျေအင်းက ညွှန်ကြားခဲ့တယ်လို့ သိရပါတယ်။

သို့သော်လည်း တောင်ကိုရီးယားနိုင်ငံမှာ အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်ပြီး ၂၀၂၂ ခုနှစ် မေလမှာ သမ္မတဖြစ်လာတဲ့ Yoon Suk Yeol က ဂျပန်နိုင်ငံနဲ့ ဆက်ဆံရေးကောင်းမွန်ဖို့ ကြိုးပမ်းလာခဲ့ပါတယ်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ အဖုအထစ်အဖြစ်ရှိနေခဲ့တဲ့ စစ်အတွင်း အဓမ္မလုပ်အားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေရေးလုပ်ငန်းတွေမှာ အမျိုးသမီးတွေကို အသုံးချမှု (Comfort Women) စတဲ့ကိစ္စတွေမှာတောင် သမ္မတ Yoon Suk Yeol ဘက်က အလျှော့ပေးမှုတွေ ပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။

မြောက်ကိုရီးယားနိုင်ငံရဲ့ ဒုံးကျည်စမ်းသပ်ပစ်လွှတ် ခြိမ်းခြောက်မှုတွေကို တောင်ကိုရီးယားနိုင်ငံက ဂျပန်နဲ့အတူ လက်တွဲပြီး ကာကွယ်နိုင်ဖို့လို့အကြောင်းပြခဲ့ပေမယ့် တောင်ကိုရီးယားသမ္မတ Yoon Suk Yeol ရဲ့ ဂျပန်အပေါ် အလျှော့ပေးမှုတွေကို တောင်ကိုရီးယား ပြည်သူတွေက အမြင်မကြည်ဖြစ်ခဲ့ကြပါတယ်။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့မှာ ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးတဲ့ရေတွေ ပင်လယ်ပြင်အတွင်း ပြန်လည်စွန့်ပစ်တဲ့အခါမှာလည်း တောင်ကိုရီးယားနိုင်ငံက ဂျပန်ရဲ့ဆောင်ရွက်မှုဟာ နိုင်ငံတကာ လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီတယ်လို့တောင် ပြောကြားခဲ့တာကို တွေ့ရပါတယ်။ သို့သော်လည်း တောင်ကိုရီးယားနိုင်ငံသားတွေကတော့ ဂျပန်ရဲ့လုပ်ရပ်ကို ကန့်ကွက်ဖို့ ဆိုးလ်မြို့မှာရှိတဲ့ ဂျပန်သံရုံးရှေ့မှာ ဆန္ဒပြခဲ့ကြတဲ့အပြင် သံရုံးဝင်းအတွင်း ဝင်ရောက်ဖို့ကြိုးစားခဲ့ကြလို့ ဆန္ဒပြသူ ၁၆ ဦးကို တောင်ကိုရီးယားရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ရပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

## မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်းတိုးဂိတ်၌ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



မိတ္ထီလာ စက်တင်ဘာ ၂

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ သီးကုန်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး သီဟဂျမ်း ဦးစီးသောတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီက သီးကုန်းအမြန်လမ်းတိုးဂိတ်၌ အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း/လမ်းစည်းကမ်း လိုက်နာဆောင်ရွက်စေနိုင်ရေးအတွက် ယာဉ်အစီးရေ ၄၀၀ ခန့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြို ဆို သောအားဖြင့် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဦးနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းစိုးတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းနှင့် ရုံးကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ



**တောင်ကြီး စက်တင်ဘာ ၂**

ဆေးတက္ကသိုလ် (တောင်ကြီး) မြန်မာ့ရိုးရာ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြိုင်ပွဲနှင့် ဆုပေးပွဲကို ယမန်နေ့ ညနေ ၆ နာရီက တောင်ကြီးမြို့ ဆေးတက္ကသိုလ် (တောင်ကြီး) ဘက်စုံခန်းမ၌ ကျင်းပခဲ့သည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးရှိပြီး ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများ ကွဲပြားကြကြောင်း၊ ရှမ်းလူမျိုးသည်လည်း ရှမ်းရိုးရာယဉ်ကျေးမှု အက၊ အလှ၊ မွန်၊ မြန်မာ၊ ရခိုင်စသည်ဖြင့် လူမျိုးတိုင်း၏ ယဉ်ကျေးမှုအက၊ အလှအပြင် အစားအစာ၊ ဝတ်စားဆင်ယင်မှု၊ ကိုးကွယ်ယုံကြည်မှုများ ကွဲပြားခြားနားကြောင်း၊ မည်သို့ပင် ကွဲပြားခြားနားစေကာမူ မြန်မာနိုင်ငံသားအားလုံး၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းရန် အရေးကြီးသည့်အတွက် ရိုးရာယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် မြန်မာအမျိုးသမီးများနေ့တွင် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ပြပွဲ၊ ပြိုင်ပွဲများကို ကျင်းပပြုလုပ်လေ့ရှိပြီး အဓိကမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု ရေရှည်တည်တံ့စေရန် ခေတ်လူငယ်များ အတုယူဖွယ်ဖြစ်အောင် ကျင်းပသည့်ပွဲဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးရွှေရိုးနှင့် ဒေါ်မိုးအကဖြင့် ကပြဖျော်ဖြေ၍ မြန်မာ့ရိုးရာဝတ်စုံများဖြင့် တစ်ဦးချင်းယှဉ်ပြိုင်ပြီး ရှမ်းအကဖြင့် ကပြဖျော်ဖြေခြင်း၊ ပြဇာတ်ဖြင့် ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆေးတက္ကသိုလ် (တောင်ကြီး)ကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးချောင်းမငယ်ရေလှောင်တမံဧရိယာအတွင်းရှိ သီးနှံသစ်တောရောနှောစိုက်ခင်း ထုတ်ထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာ အနီးရှိ ချောင်းမငယ် ရေလှောင်တမံ ဧရိယာအတွင်းရှိ သီးနှံသစ်တောရောနှောစိုက်ခင်း ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ဦးစီး ဌာနဆိုင်ရာတာဝန်ရှိသူများက တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်မှု၊ စိုက်ပျိုးရေပေးဝေမှုနှင့် ချောင်းမငယ် ရေလှောင်တမံ ရေသောက်စနစ်တွင် ပါဝင်သည့် ဆင်အုံကန်သို့ ရေကူပေးနေမှု၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ နေပြည်တော် ပြည်သူလူထုသောက်သုံးရေအတွက် ဆင်အုံကန်မှ ရေဂါလန် ၃၄ သိန်း ပေးဝေနေမှု၊ လယ်ဝေးမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Agro-ecological Project အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ဒေသတွင်း ငါးထုတ်လုပ်မှု တိုးတက်ပြီး ငါးဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာစေရေးအတွက် ကုန်ကျစရိတ်ကြီးမားစွာဖြင့် ဆောင်ရွက်ရန်မလိုအပ်ဘဲ စရိတ်သက်သာစွာဖြင့် ငါးမွေးမြူထုတ်လုပ်လာနိုင်ကြစေရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တိုင်းရင်းကြက်နှင့် ဘဲမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်လာစေရန်နှင့် သဘာဝအတိုင်း မွေးမြူသော ဒေသကြက်၊ ဘဲမွေးမြူထုတ်လုပ်ရေးကို ချောင်းမငယ်ဧရိယာအတွင်း ဓာတုကင်းလွတ်သော ဒေသကြက်ဥ၊ ကြက်သား၊ ဒေသဘဲဥ၊ ဘဲသားများအဖြစ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ချောင်းမငယ်ရေလှောင်တမံ ဧရိယာအတွင်း စိုက်ပျိုးထားသည့် မန်ကျည်းရှား၊ ကုက္ကိုနှင့် မဲဇလီစိုက်ခင်းများနှင့် ချောင်းမငယ်ရေလှောင်တမံ ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဂ္ဂလိက CP ဝက်မွေးမြူရေးခြံ၏ အသားတိုးဝက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့သည် နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုဝန်ကြီးရုံး ဝန်ထမ်းများ ကွန်ပျူတာအသုံးချနည်းပညာကျွမ်းကျင်မှု မြှင့်တင်ပေးရန် ဖွင့်လှစ်သည့် Microsoft Office Course သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားကြပြီး သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂။** ။မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့
World First Aid Day
၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၉)ရက်။
"ဒစ်ဂျစ်တယ်ကမ္ဘာထဲက ရှေးဦးပြုစုနည်းပညာ"
First Aid in the Digital World

## ကုန်သွယ်/စီးပွား

# မိုးမြေပဲများ စတင်ရိတ်သိမ်းလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် စပါး၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများအား အဓိကထား စိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံများအနက် မိုးမြေပဲသီးနှံကို ကျောက်ဆည်မြို့နယ်တွင် ၉၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ဧက ၃၀၊ မြစ်သားမြို့နယ်တွင် ၅၂၅ ဧက စုစုပေါင်း ၆၄၈ ဧက စိုက်ပျိုးပြီးစီးကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးမြေပဲကို မတ်လနှင့် ဧပြီလများတွင် စတင်စိုက်ပျိုးပြီး မျိုးအနေဖြင့် တစ်ဧကလျှင် မြေပဲအတောင့် စိုက်ပျိုးပါက လေးတင်းခန့် ကုန်ကြကြောင်း၊ အစေ့စိုက်ပျိုးပါက တစ်တင်းခွဲခန့် ကုန်ကျရာ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ ထွန်ယက်ခနှင့် လုပ်သားခ စုစုပေါင်း (၃၅၀၀၀၀-၄၀၀၀၀၀) ကျပ်ခန့် ကုန်ကျကြောင်း သိရသည်။

ယခုအချိန်တွင် မိုးမြေပဲများကို စတင်ရိတ်သိမ်းလျက်ရှိပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် (၄၉-၅၀) တင်းခန့် ထွက်ရှိကြောင်း၊ မြေပဲဈေးနှုန်းအနေဖြင့် မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀၊ မြေပဲဆန် ၁၄ ပိဿာပါတစ်တင်းလျှင် ငွေကျပ် ၉၈၀၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မိုးမြေပဲစိုက်ပျိုးရာတွင် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များ ရရှိသည့်အပြင် ပြည်တွင်းစားသုံးဆီ ဖူလုံရုံသာမက မြေပဲပင်မှထွက်ရှိသော မြေပဲရိုးနှင့် မြေပဲမှော်များကိုလည်း ကျွဲ၊ နွား အစာအဖြစ် အသုံးပြုရသောကြောင့် မြေပဲစိုက်တောင်သူများအတွက် တွက်ခြေကိုက်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**တာချီလိတ် စက်တင်ဘာ ၂**

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၂၉ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ရော်ဘာစေးတန်ချိန် တန် ၄၀၊ လက်ဖက်ခြောက်တန်ချိန် ၁၄ တန်နှင့် ကတ်ထူစက္ကူအဟောင်းတန်ချိန် ၃၆ တန် တင်ပို့နိုင်ခဲ့သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဩဂုတ် ၂၉ ရက်တွင် အဓိကတင်သွင်းသည့် သွင်းကုန်ပစ္စည်းများမှာ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်ပြီး ဘိလပ်မြေ ၆၂၂ ဒသမ ၅ တန်၊ ကွန်ကရစ်အမိုးပြား ၂၃၈ ဒသမ ၉၄ တန်၊ မျက်နှာကြက်ပြား ၇၈ ဒသမ ၂၃ တန်၊ ဘိလပ်မြေမျက်နှာကြက်ပြား ၅၂ ဒသမ ၁၅၅ တန်၊ မီးခံအုတ် ၃၀ ဒသမ ၇၅ တန်၊ အင်ဂျင်မပါသည့် နှစ်ဘီးတပ်ထွန်စက်အသစ် ၁၅ စီး၊ ပလတ်စတစ်ဘူးခွံ တစ်တန်၊ မှန်ချပ် ၁၅၀ စတုရန်းမီတာနှင့် အခြားပစ္စည်းများ တင်သွင်းခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် ဩဂုတ် ၂၉ ရက်တွင် ငွေကျပ်တစ်သိန်းလျှင် ၉၅၀ ဘတ် ဖြစ်ပေါ်ခဲ့သည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ ထောင်ဒဏ်ကျခံမှုကို တစ်နှစ်သို့ လျှော့ချကြောင်း ထိုင်းဘုရင်ကြေညာ

ဗန်ကောက် စက်တင်ဘာ ၂

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ ထောင်ဒဏ်ကျခံမှုကို ကနဦး ရှစ်နှစ်ချမှတ်ထားရာမှ တစ်နှစ်သို့ လျှော့ချလိုက်ကြောင်း ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းက ယနေ့ ကြေညာခဲ့သည်။

အသက် ၇၄ နှစ်ရှိ ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် ၁၅ နှစ်ကျော်ကြာ ပြည်နှင်ဒဏ်ပေးမှုကို အဆုံးသတ်ခဲ့ပြီး လွန်ခဲ့သည့် ၁၀ ရက်ခန့်က ထိုင်းနိုင်ငံသို့ ပြန်လာခဲ့သော်လည်း မကြာမီတွင် ဖမ်းဆီးခံခဲ့ရကာ ထောင်ဒဏ် ရှစ်နှစ် ချမှတ်ခြင်းခံခဲ့ရသည်။

သက်ဆင်သည် ၂၀၀၆ ခုနှစ်တွင် စစ်အာဏာသိမ်းမှုဖြင့် ဖြုတ်ချခံခဲ့ရပြီး ၂၀၀၈ ခုနှစ်တွင် နိုင်ငံရပ်ခြားသို့ ထွက်ခွာသွားခဲ့သည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် တော်ဝင်လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံလွှာကိုတင်သွင်းခဲ့ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ်က ဩဂုတ် ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သက်ဆင်သည် ပြည်ပတွင် ၁၅ နှစ်ကြာ ပြည်နှင်ဒဏ်ပေးခံခဲ့ရပြီးနောက် ပြီးခဲ့သည့်လတွင် သူနှင့်နီးစပ်သော နိုင်ငံရေးပါတီတစ်ခုမှ အစိုးရသစ်တစ်ရပ် ထူထောင်မည့်အချိန်၌ ထိုင်းနိုင်ငံသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း၌ တပ်မတော်နှင့် ဆက်နွယ်သည့် ရှေးရိုးစွဲပါတီများနှင့်အတူ ဖေ့ထိုင်းပါတီ ဦးဆောင်သော ညွန့်ပေါင်းအစိုးရသစ်ကို မကြာမီ ဖွဲ့စည်းတော့မည်ဖြစ်သည်။

ဖေ့ထိုင်းပါတီသည် သက်ဆင်နှင့် ဆက်နွယ်လျက်ရှိပြီး တပ်မတော်လိုလားသောပါတီများနှင့် သဘောထားကွဲလွဲလျက်ရှိသည်။

အစိုးရသစ်ဖွဲ့ပြီးပါက သက်ဆင်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ **ကိုးကား – ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံ၏ ပထမဆုံးနေရောင်ခြည်စွမ်းအင်သုံး "ADITYA-L1" ဂြိုဟ်တု အောင်မြင်စွာလွှတ်တင်

နယူးဒေလီ စက်တင်ဘာ ၂

အိန္ဒိယနိုင်ငံ၏ ပထမဆုံး နေရောင်ခြည်စွမ်းအင်သုံး မစ်ရှင် "ADITYA–L1" ဂြိုဟ်တုကို ယနေ့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း အိန္ဒိယအာကာသ သုတေသနအဖွဲ့(ISRO)က အတည်ပြုပြောကြားသည်။

ADITYA–L1 ကိုတင်ဆောင်ထားသည့် PSLV–C57 ဒုံးပျံကို နိုင်ငံ၏ တောင်ဘက်ပိုင်းရှိ အန်ဒရာပရာဒေ့ရှ်ပြည်နယ် Satish Dhawan အာကာသစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်၏ ရည်ရွယ်ချက်မှာ နေကို အနီးကပ်လေ့လာရန်အတွက်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ ပထမဆုံးသော နေရောင်ခြည်စွမ်းအင်သုံး မစ်ရှင် "ADITYA–L1" ဂြိုဟ်တုလွှတ်တင်မှုကို ISRO ၏ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများအပြင် ပြည်တွင်း တီဗွီမီဒီယာလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဂျီတန်ဒရာဆင်းနှင့် ISRO ဥက္ကဋ္ဌ ဆိုမ်နက်သ်တို့သည် ဂြိုဟ်တုလွှတ်တင်မှုကို ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ADITYA–L1 မစ်ရှင်သည် ကမ္ဘာမြေမှ ကီလိုမီတာ ၁ ဒသမ ၅ သန်းနီးပါး အကွာအဝေးရှိ ၎င်း၏ ဦးတည်ရာ "Lagrange Point 1" သို့ ရောက်ရှိရန် ၁၂၅ ရက်ကြာမည်ဖြစ်သည်။


နေရောင်ခြည် စွမ်းအင်သုံး ADITYA–L1 မစ်ရှင်၏ ခန့်မှန်းကုန်ကျစရိတ်မှာ အိန္ဒိယရူပီး လေးဘီလီယံ (အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၃၅ သန်းခန့်) ရှိကြောင်း သိရသည်။ နေမှ စွမ်းအင်ထုတ်ယူပြီး ပုံမှန်လည်ပတ်နိုင်ရန်အတွက် ADITYA–L1 ဂြိုဟ်တုတွင် ဆိုလာပြားတစ်ခု တပ်ဆင်ထားသည်။

ADITYA–L1 သည် နေနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဖော်ထုတ်မှတ်တမ်းတင်မည့် ပထမဆုံး အိန္ဒိယအာကာသ အခြေစိုက် နက္ခတ်တာရာဆိုင်ရာ မစ်ရှင်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ISRO က အစောပိုင်းတွင် ကြေညာခဲ့သည်။

ADITYA–L1 မစ်ရှင်၏ အဓိက ရည်ရွယ်ချက်များမှာ မီးတောက်များနှင့် ကမ္ဘာနှင့်အနီးရှိ အာကာသရာသီဥတု၊ နေရောင်ခြည်နှင့် လေထု၏ ပေါင်းစပ်မှုနှင့် ဒိုင်းနမစ်များကို နားလည်ရန်၊ နေရောင်ခြည်စွမ်းအင် ဖြန့်ဖြူးမှုနှင့် အပူချိန်တို့ကို သိရှိနိုင်ရန်ဖြစ်ကြောင်း အိန္ဒိယအာကာသ အေဂျင်စီက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**




# မလေးရှားနိုင်ငံ၏ စက်မှုထုတ်ကုန် တိုးတက်ရေးမဟာဗျူဟာချမှတ်

ကွာလာလမ်ပူ စက်တင်ဘာ ၂

မလေးရှားနိုင်ငံသည် ၂၀၃၀ပြည့်နှစ်တွင် နိုင်ငံ၏စက်မှုထုတ်ကုန်တိုးတက်စေရေးနှင့် စက်မှုထုတ်ကုန်တန်ဖိုး ရင်းဂစ် ၅၈၇ ဒသမ ၅ ဘီလီယံ ရရှိစေရေးအတွက် ဆောင်ရွက်မည့် မဟာဗျူဟာစီမံချက်တစ်ရပ်ကို ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

၎င်းစက်မှုလုပ်ငန်းမဟာဗျူဟာသစ်ကို အကောင်အထည်ဖော်ခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံသား ၃ ဒသမ ၃ သန်းအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က အဆိုပါ မဟာဗျူဟာစတင်ကြောင်း ကြေညာသည့် အခမ်းအနား၌ မိန့်ခွန်းပြောကြားသည်။

ယခုဆောင်ရွက်မည့် မဟာဗျူဟာအရ မလေးရှားနိုင်ငံအား ဒေသတွင်း စက်မှုလုပ်ငန်းကဏ္ဍတွင် ထိပ်တန်းရောက်ရှိစေရေးနှင့် နိုင်ငံအတွင်း စက်မှုလုပ်ငန်းကွင်းဆက်များ ချိတ်ဆက်ခြင်းဖြင့် ကြွယ်ဝချမ်းသာမှုများကို နိုင်ငံအတွင်း နိုင်ငံသားများအား မျှဝေနိုင်ရန်ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

၎င်းအစီအစဉ်အရ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်၊ ဓာတု၊ လျှပ်စစ်ယာဉ်၊ အာကာသဆိုင်ရာနှင့် ဆေးဝါးအပါအဝင် ကဏ္ဍလေးခုကို မြှင့်တင်ဆောင်ရွက်မည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ၂၀၃၀ပြည့်နှစ်အထိ ရည်ရွယ်ဆောင်ရွက်သည့် ယခုအစီအမံတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညရာခိုင်နှုန်းအထိ လျှော့ချရေး၊ ထောက်ပံ့ရေးလမ်းကြောင်းများ အဆင်ပြေချောမွေ့စေရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ထောက်ပံ့ရေးတို့ကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား–ဆင်ဟွာ ၊ ဘာသာပြန်–စိုးသူရ**

# ယခုနှစ် လက်ရှိအချိန်အထိ သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားသားခရီးသည်အရေအတွက် ကိုးသိန်းကျော် လာရောက်ခဲ့

ကိုလံဘို စက်တင်ဘာ ၂

ဩဂုတ် ၃၀ ရက်အထိ သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည်အရေအတွက် ကိုးသိန်းကျော် ရှိပြီဖြစ်ကြောင်း သီရိလင်္ကာခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့၏ နောက်ဆုံးစာရင်းဇယားများအရ သိရသည်။

ယခုနှစ်တွင် နိုင်ငံတွင်းသို့ ကမ္ဘာလှည့်ခရီးသည် ၉၀၀၇၀၈ ဦး လာရောက်ခဲ့ပြီး အဆိုပါအရေအတွက်သည် ၂၀၂၂ ခုနှစ် တစ်နှစ်ပတ်လုံး စုစုပေါင်းရောက်ရှိလာသူ ၇၁၉၉၇၈ ဦးနှင့် နှိုင်းယှဉ်ပါက ပိုမိုသာလွန်ကြောင်း သိရသည်။

**ရည်မှန်းထား**

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၂၃ ခုနှစ်တွင် ခရီးသွား နှစ်သန်းကို ဆွဲဆောင်ရန် ရည်မှန်းထားသည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ ထိပ်တန်းနိုင်ငံခြားငွေရှာသည့် လုပ်ငန်းများအနက် တစ်ခုဖြစ်သည်။

သို့သော် ကိုဗစ်– ၁၉ ရောဂါကူးစက်မှုများကြောင့် ခရီးသွားလုပ်ငန်းတွင် များစွာထိခိုက်ခံစားခဲ့ရပြီး နိုင်ငံအတွင်း၌ စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းများ ကြုံတွေ့ခဲ့ရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံကလွှတ်တင်မည့် အာကာသယာဉ်နှင့်လဆင်းယာဉ်များအတွက် အာကာသယာဉ်မှူးလောင်းအမည်များ အကြံပြုတောင်းခံ


ပေကျင်း စက်တင်ဘာ ၂

တရုတ်နိုင်ငံ၏ အနာဂတ်ကာလ လူလိုက်ပါသည့် လကမ္ဘာလေ့လာစူးစမ်းရေးမစ်ရှင်တွင် တာဝန်ထမ်းဆောင်ရန် အာကာသယာဉ်မှူးများစုဆောင်းသည့် အခမ်းအနားကို ဩဂုတ် ၃၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၎င်းအာကာသယာဉ်နှင့် လူလိုက်ပါသော လဆင်းယာဉ်များအတွက် အာကာသယာဉ်မှူးလောင်း အမည်များကို အကြံပြုရန် နိုင်ငံသားများကို ဖိတ်ကြားထားကြောင်း တရုတ်အာကာသအေဂျင်စီက ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၃၀ပြည့်နှစ်မတိုင်မီ ၎င်း၏ အာကာသယာဉ်မှူးများအား လကမ္ဘာပေါ်တွင်ခြေချ၍ သိပ္ပံသုတေသနလုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိသည်။

လဆင်းယာဉ်နှင့် လူလိုက်ပါသော အာကာသယာဉ်အသီးသီးကို လပတ်လမ်းကြောင်းသို့ ဒုံးပျံနှစ်စင်းဖြင့်လွှတ်တင်မည်ဖြစ်ကာ ၎င်းအာကာသယာဉ်နှင့် လဆင်းယာဉ်သည် ဆုံရပ်တစ်ခုတွင် တွေ့ဆုံမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အာကာသယာဉ်မှူးများသည် လဆင်းယာဉ်အတွင်းသို့ ဝင်ရောက်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။



အာကာသယာဉ်မှူးလောင်း အမည်များကို အကြံပြုရန်အစီအစဉ်ကို စက်တင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းအစီအစဉ်သည် နိုင်ငံအတွင်းရှိ အာကာသသိပ္ပံပညာကိုစိတ်ဝင်စားသည့် လူငယ်များအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် လွှတ်တင်မည့် လူလိုက်ပါသည့် အာကာသယာဉ်များအတွက်အမှတ်တံဆိပ်လိုဂို စုဆောင်းခြင်းကို ဩဂုတ် ၃၁ ရက်က စတင်ဆောင်ရွက်ခဲ့သည်။ **ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# တရားမဝင်ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာများအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Metpure-XL ဆေးဝါး ၃၄၃၂၈ ဘူး အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၃၆၀၄၉၅၉)ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Party Hat ၁၂၂၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၄၃၄၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Bicycle Buscket ၃၉၈ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၉၈၄၄၃၅၉)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက် ၁၁၄၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မူဆယ်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၂၁)မိုင် (၄)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Wallet ပိုက်ဆံအိတ် ၁၂၅၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေး-ဟန်မြင့်မိုရ်-အောင်ပန်း-တောင်ကြီးလမ်းပိုင်း သံရွာရဲကင်းမှ မြေပဲနှင့် နှမ်းများတင်ဆောင်လာသည့် ၁၂ ဘီးယာဉ် လေးစီးအား တရားဝင်ခြင်းရှိ/မရှိ စိစစ်ပေးနိုင်ပါရန် သတင်းပေးပို့ချက်အရ မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် မြေပဲဆန်အိတ် ၁၃၅၀ နှင့် နှမ်းနက် ၂၈၄၇ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၃၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၄၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီး (၂)ဈေးမှတ်တိုင်အနီး၌ လိုင်စင်မဲ့ Toyota Toyoace Box Truck မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဩဂုတ် ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Wai Wai Instant Rice Vermicelli ၄၉ ဒသမ ၅ ကီလိုဂရမ်၊ M&D Cake အထုပ် ၂၄၀၊ Honda Click 150 မော်တော်ဆိုင်ကယ်တစ်စီး အပါအဝင် ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၀၇၆၈၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၀၇၆၈၆)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဩဂုတ် ၃၁ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီခရိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပူးပေါင်းအဖွဲ့က မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဇော်ဂျီ(၁)လမ်းရှိ ကုန်စုံဆိုင်အား ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် M-150 Energy Drink ပုလင်း ၁၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ(၂၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၁၀၅၂၀၄၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# သာကေတနှင့် ကလောမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် ထူပါရုံလမ်းမကြီးပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ မမိုးမိုးသန်းအား စစ်ဆေးရှာဖွေရာ ၎င်း၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မမိုးမိုးသန်း(၃၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဩဂုတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် မြင်းမထိကျေးရွာအုပ်စု မြင်းမထိကျေးရွာအနီး၊ ပင်လောင်း-အောင်ပန်းသွား ကားလမ်းတွင် တင်ဇော်မိုး(ခ)ကိုပေါက် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ဆေးခြောက် သုည ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် တင်ဇော်မိုး(ခ)ကိုပေါက် (၄၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တင်ဇော်မိုး(ခ)ကိုပေါက်ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၉-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ)(ဒုတိယပိုင်း)
- ၀၉:၁၅ တရုတ်ကာတွန်း 'ဖြူဝင်းစိတ်လှ' (အပိုင်း-၂၅)
- ၁၀:၀၀ 'သတင်းသမားပြောတဲ့သတင်းစကား'
- ၁၀:၃၀ "Music Travellers-5" တေးဂီတဖျော်ဖြေပွဲ
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၃:၅၀ မြန်မာဂန္တဝင်ရုပ်ရှင် 'ဘယ်သူမြင်လို့လှပါတော့နိုင်' (ဇော်ဝမ်း၊ အုံ့ကျော်၊ တင်တင်ညို၊ တင်တင်လှ)
- ၁၆:၃၅ Economic Review
- ၁၇:၁၅ Sports Diary
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ)(တတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၄၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'မြတ်မွန်ဘဝအစကကြိုးငရဲ' (အပိုင်း-၂)
- ၂၁:၂၀ ဆေးရောင်စုံရုပ်ရှင် 'ဝန်းဖြိုင်လယ်က ဥယျာဉ်မှူး' (ကျော်ဟိန်း၊ နေအောင်၊ သီတာထွန်း)

**mitv**

- 07:02 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:08 The Art of Making Glaze Ware
- 07:27 Popa Flat-Topped Hill (Taung-Ka-Lat)
- 07:31 Mote Sein Paung from Intaing Village
- 07:41 A Day in Pyin Oo Lwin
- 08:01 News
- 08:27 Alms Bowl
- 08:46 Myanmar Weaving
- 09:01 Faith & Worship (Part-2)
- 09:25 Listening Pleasure, Instrumental Music (Xylophone) Thanthayar Khayee Thae
- 09:37 Today Myanmar : Kayin Traditional White Thread Tying Ceremony (Wrist Tying Ceremony)
- 09:45 A Monk's Robe

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ (မှိုစိုက်ပျိုးနည်းနှင့်ငရုတ်စိုက်ပျိုးနည်း)

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
သာယာရှုမောရမွှက်မြေ(အပိုင်း-၁)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့စေလေ့ရှိရာ (တိုင်းခင်၊ တိုင်းလို့ုင်၊ တိုင်းယွန်း)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ချစ်ရမွှက်မီး(အပိုင်း-၁)

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
တိုင်းရင်းသားကျေးရွာက ကရင့်ရိုးရာအိမ်ကလေးသို့

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)**
ဖိုင်းဖြူရွာလေးမှ ရေလုပ်သားကြီးရဲ့ဘဝ

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
တီဘီရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
မြတ်နိုးဖွယ်ရာ ဝါးလက်မှုပညာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ မခေါ်ဘဲလာတဲ့အယ်လ်နီညို
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၇)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ အနာဂတ်၏ဖွံ့ဖြိုးမြန်မာ စိုက်မွေးပညာ သင်ယူပါ လူငယ့်ဘဝတစ်သက်တာ
- ၀၆:၃၀ အားမာန်ဝင့်ချီ ခေတ်မီမွေးမြူရေး သုတေသနဖွံ့ဖြိုးရေးဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ပင်လယ်ငရဲနွံမှာခန်း(အပိုင်း-၂)
- ၁၉:၀၀ ကျွန်ုပ်မပင်မွှန်း၏လျှို့ဝှက်ချက်(အပိုင်း-၁၀)
- ၁၉:၃၀ Seven Success Stories From Northeastern Thailand

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ School of Football

SCAN ME

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## မြိတ်မြို့နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် ကြက်ဥများထောက်ပံ့

မြိတ် စက်တင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မြိတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် ကြက်ဥများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်မြို့ ရေပုန်းရပ်ကွက်ရှိစိန့်အဲဘက်ကက်သလစ်ခရစ်ယာန် ဘုန်းတော်ကြီးသင် အထက်တန်းကျောင်းသို့ ရောက်ရှိခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းတော်ကြီးတွင် သားငယ်သမီးငယ်များ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရအဖွဲ့မှ ဆန်၊ ဆီ လာရောက်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆန်အိတ်များကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးက ဆီများကိုလည်းကောင်း၊ လုပ်ငန်းရှင်များက လှူဒါန်းကြသည့် ကြက်ဥများကို ဦးလှသန်းကလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော် ဗုဒ္ဓသာသနာ့ဗိမာန်၌ ကျင်းပသည့် မြို့နယ်အတွင်းရှိ ဘုန်တော်ကြီးသင်ပညာရေးကျောင်း ရှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့ပွဲသို့ တက်ရောက်သည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သည် မြိတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် ဆန်အိတ် ၃၃၀၊ ဆီပိသ ၈၀၀၊ ကြက်ဥအလုံး ၂၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## မိုးစပါးရာသီ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးကေများအတွက် မျိုးစပါးထောက်ပံ့

မော်လမြိုင် စက်တင်ဘာ ၂

သီးနှံများ၏စိုက်ဧကပြည့်မီရေး၊ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက် စိုက်ပျိုးထုတ်လုပ်ရန် ပြည်နယ်အစိုးရအနေဖြင့် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရာသီ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးဧကများအပေါ် မျိုးစပါးထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း အသားတင်စိုက်ပျိုးနိုင်သောမြေဧရိယာ ၁,၄၅၃,၉၃၆ ဧကရှိပြီး လယ်မြေ ၅၀,၉၈၉ ဧက၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော ၅၃၆,၀၀၇ ဧက၊ တောရိုင်း ၂၀၁,၁၄၃ ဧက၊ မြေရိုင်း ၃၂,၀၆၄ ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သောမြေ ၇၆၄,၄၂၅ ဧက စုစုပေါင်း ၃,၀၃၈,၅၆၄ ဧက ရှိကြောင်း၊ မွန်ပြည်နယ်၏ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် သီးထပ်စွမ်းအားသည် ၁၂၃ ဒသမ ၉၃ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်တွင်သီးထပ်စွမ်းအား ၁၂၄ ဒသမ ၅၁ ရာခိုင်နှုန်းရရှိရန်အတွက် ရည်မှန်းလျက်ရှိရာ မိုးစပါးစိုက်ပျိုးအပြီး ဆီထွက်သီးနှံများ၊ ပဲမျိုးစုံ၊ ရာသီသီးနှံများဖြင့် ရည်မှန်းချက်ထက်ကျော်လွန်အောင် တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်စဉ် တိုးတက်လျက်ရှိသော လူဦးရေ၏ ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် လျာထားစိုက်ဧကပြည့်မီရန်နှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကျိုက်မရောမြို့နယ်နှင့် ပေါင်မြို့နယ်တို့အား မျိုးစပါးများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသော တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသော သဘာဝဓာတ်မြေဩဇာနှင့် မျိုးစပါးများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဧက ၁၀၀ စံပြစိုက်ကွင်းအတွင်း ပန်းတိုင်အထွက်နှုန်းရရှိရေး သဘာဝမြေဩဇာကြဲပက်

မြစ်ကြီးနား စက်တင်ဘာ ၂

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဖော်ထုတ်ထားသည့် ဧက ၁၀၀ စနစ်ကျ စက်မှုလယ်ယာအတွင်း မိုးစပါးစိုက်ပျိုးဆောင်ရွက်ထားပြီးဖြစ်ရာ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ယနေ့ နံနက် ၉ နာရီက အဆိုပါ မိုးစပါးစိုက်ကွင်းအတွင်း စူပါအီးအမ်ဘိုကာရှိသဘာဝမြေဩဇာ ကြဲပက်ပွဲကို ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မဒိန်ကျေးရွာ ဧက ၁၀၀ စိုက်ကွင်းအတွင်း ဝိုင်းမော်မြို့နယ် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတောင်သူများနှင့် အတူ မိုးစပါးစံပြကွက်အတွင်း စူပါအီးအမ်ဘိုကာရှိသဘာဝမြေဩဇာ ကြဲပက်မှုကို ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဒေသခံတောင်သူများထံ စူပါအီးအမ်ဘိုကာရှိသဘာဝမြေဩဇာ ပြုလုပ် အသုံးပြုနိုင်ရေးအတွက် ပါဝင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြကာ ဧက ၁၀၀ စိုက်ကွင်းအတွင်း မိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများနှင့် တောင်သူများ၏ လိုအပ်ချက်များနှင့် မိုးစပါးအပြီး ဆောင်းရာသီ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေး လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်၌ မှော်ဘီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးငွေတင်နှင့် ရဲတပ်ဖွဲ့ဝင်တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြင့်ဦး



## ချမ်းသာငွေးငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

အင်္ဂပူ စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်သမဝါယမဦးစီးဌာနရုံး၌ စက်တင်ဘာ ၂ ရက်က ချမ်းသာငွေးငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်နှင့် ချမ်းသာငွေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်သူတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ငွေစာရင်းရှင်းတမ်းကို ဒေါ်ရွှေဇင်လှိုင်က ဖတ်ကြားခဲ့ပြီး အသင်းသားများအား စားသုံးဆီတစ်ပိဿာစီနှင့် စုဆောင်းငွေပေါ်ရရှိမည့် အမြတ်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)



ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

# ကချင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရွှေအုပ်ဆောင်း လူသုံးကုန်၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ထုတ်ကုန်လုပ်ငန်း

"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် စီးပွားရေးကဏ္ဍ၌ ပါဝင်သော တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများ အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး" ဆိုသည့် အချက်နှင့်အညီ ကချင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အသေးစား၊ အလတ်စား လုပ်ငန်းများအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ SME Member Card ထုတ်ပေးထားနိုင်မှုမှာ ထုတ်လုပ်မှုလုပ်ငန်း ၄၇၆ ခု၊ ရောင်းဝယ်မှုလုပ်ငန်း ၂၃၈ ခု၊ ဝန်ဆောင်မှုလုပ်ငန်း ၁၀၅ ခု၊ အခြားလုပ်ငန်း ၄၅ ခု စုစုပေါင်း ၈၆၄ ခု ရှိကြောင်း ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။ ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME အေဂျင်စီကိုလည်း ဖွဲ့စည်း၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။




နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်ကာ ကချင်ပြည်နယ်တွင်လည်း ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေသည့် လုပ်ငန်းများအနက် ဒေသအတွင်းထွက်ရှိသည့် သဘာဝ ပယင်းကျောက်များမှရရှိသော အဆီအနှစ်များကို သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ မူပိုင်ခွင့်နည်းပညာတို့ဖြင့် စနစ်တကျ စီမံပေါင်းစပ်လုပ်ကိုင်လျက်ရှိသည့် မြစ်ကြီးနားမြို့ရှိ ရွှေအုပ်ဆောင်း လူသုံးကုန်၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ထုတ်ကုန်လုပ်ငန်းကို သွားရောက်တွေ့ဆုံ မေးမြန်းမှုအား ပြန်လည်မျှဝေဖော်ပြလိုပါသည်။

**ကျန်းမာရေးအတွက် အကျိုးရှိ**

အဆိုပါ ရွှေအုပ်ဆောင်းအမည်ရှိ လူသုံးကုန်၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ထုတ်ကုန်လုပ်ငန်းကို ပယင်းနှင့် ကျောက်မျက်ရတနာ အရောင်းဆိုင်လုပ်ငန်းမှ စတင်လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ဈေးကွက်မှတစ်ဆင့် ပယင်းသုံးစွဲသူများ၏ အားပေးတိုက်တွန်းမှုများကြောင့်လည်းကောင်း၊ ပယင်းသည် ကျန်းမာရေးအတွက် အကျိုးရှိသည်ကို ကိုယ်တိုင်အသုံးပြုရာမှ လည်းကောင်း ပယင်းခေါင်းအုံး စတင်ထုတ်လုပ်ရောင်းချခဲ့ပြီး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဆက်စပ်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပယင်းရှူလိမ်းဆေးနှင့် ဒဏ်ကျေလိမ်းဆေးဆီသည် ပစ္စည်းလက်ကျန်မရှိသည်အထိ ရောင်းချနိုင်ခဲ့ကြောင်းလည်း သိရသည်။

ထို့အပြင် လူသုံးကုန်ပစ္စည်းတွင်လည်း ပယင်းမျက်နှာသစ်ဆပ်ပြာ၊ ပယင်းခေါင်းလျှော်ရည်၊ ပယင်းသနပ်ခါး၊ ပယင်းမျက်နှာလိမ်းခရင် စသည်တို့ကို ပယင်းအဆီအနှစ်များဖြင့် ထုတ်လုပ်ဆောင်ရွက်နေကြောင်းလည်း သိခွင့်ရခဲ့သည်။ ထိုသို့ ထုတ်ကုန်များ ဆောင်ရွက်ရာတွင် ပယင်းအချောထည်များမှ အဆီအနှစ်ထုတ်ယူခြင်းမျိုးမဟုတ်ဘဲ ပယင်းကို သွေးရာမှထွက်ရှိလာသော စွန့်ပစ်ရမည့် (အကြေစ)များကို အသုံးဝင်ပစ္စည်းဖြစ်အောင် ပြန်လည်အသုံးပြုနိုင်ခြင်းဖြင့် တန်ဖိုးရှိသောရတနာမှ လူသားတို့အတွက် ပိုမိုအသုံးတည့်သည့်အရာဖြစ်အောင် ပိုမိုစွမ်းဆောင်နိုင်ပြီး ထုတ်ကုန်လုပ်ငန်းတစ်ခု ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။

**ကာကွယ်နိုင်စွမ်းရှိ**

ထို့အတူ ကျန်းမာရေးအနေဖြင့် ပယင်းတွင် ပါဝင်သော Succinic Acid သည် ခန္ဓာကိုယ်အတွင်းရှိ ဇီဝကမ္မ ဖြစ်စဉ်အတွက် လှုံ့ဆော်မှုပေးနိုင်သည့် ဂုဏ်သတ္တိရှိပြီး ပျက်စီးနေသော ဆဲလ်များကို ပြုပြင်ပေးခြင်း၊ သွေးလည်ပတ်မှုအားကောင်းစေခြင်းတို့ကြောင့် အသက်အရွယ်ကြီးရင့်မှုကို ကာကွယ်နိုင်စွမ်းရှိကြောင်းလည်း သိရသည်။

ရွှေအုပ်ဆောင်း ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ထုတ်ကုန်လုပ်ငန်းသည် ပယင်းအမှုန့်ဖြင့် ထုတ်လုပ်ခြင်းမဟုတ်ဘဲ ပယင်းအဆီ ၁၀၀ ရာခိုင်နှုန်း ထုတ်လုပ်ခြင်းဖြစ်ကာ အဆင့်တစ်ခုစီတိုင်း စနစ်တကျ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်း ရောင်းချမှုများနှင့်ပတ်သက်၍ ဆန်းသစ်သော ထုတ်ကုန်ဖြစ်သည်နှင့်အညီ ထုပ်ပိုးမှုမှ အစ ကုန်ပစ္စည်းအရည်အသွေးကို စံချိန်စံညွှန်းများဖြင့် ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ဈေးကွက်တွင် မျက်နှာပန်းလှ ရောင်းချရလျက်ရှိကြောင်း၊ တိုင်းရင်းဆေး မှတ်ပုံတင်ပြီး ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာပစ္စည်းများ စုစုပေါင်းထုတ်ကုန်ပစ္စည်း ၁၈ မျိုးအထိရှိကြောင်း Founder ဖြစ်သူ ကချင်ပြည်နယ် MSME အသင်းဝင် ဒေါ်မိုးနီနီလွင်၏ပြောပြချက်အရ သိရသည်။




ပယင်းမှတစ်ဆင့် ဆန်းသစ်သော ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ၂၀၁၇ ခုနှစ်တွင် နည်းပညာအကူအညီ စတင်ယူခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် Reflux Extraction ပယင်းမှ အဆီထုတ်လုပ်မှုလုပ်ငန်း စတင်အောင်မြင်လာခဲ့ကြောင်းလည်း သိရသည်။ ရွှေအုပ်ဆောင်းလုပ်ငန်းမှ ထွက်ရှိသည့် ထုတ်ကုန်များကို ကချင်ပြည်နယ်သာမက နိုင်ငံတော်အဆင့်အထိ ပြပွဲများတွင် ပါဝင်ပြသနိုင်ခဲ့ပြီး နိုင်ငံတော်အဆင့် MSME ထုတ်ကုန်ဆု ရရှိခဲ့ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းခရိုင်၌ ကျင်းပပြုလုပ်သော China-Myanmar Innovation and Entrepreneurship Competition ပြိုင်ပွဲတို့တွင် ဆုများလည်း ရရှိခဲ့သည်အထိအောင်မြင်အောင်ကြိုးစားဆောင်ရွက်နေသည့် ထုတ်ကုန်လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

ထို့အပြင် ပြည်နယ်အတွင်း လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းလျက်ရှိရာ အထူးသဖြင့် သက်ကြီးဘိုးဘွားများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ၊ မျက်မမြင်ကျောင်းများ၊ အားကစားကဏ္ဍ တိုးတက်မြင့်မားရေး စသည်တို့တွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လှူဒါန်းခြင်း၊ လေ့လာရေးအဖွဲ့များအား အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

နိုင်ငံတော်က ဦးတည်ချက်များချမှတ်ကာ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများအပေါ် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ လုပ်ငန်းသစ်များ ထူထောင်ဆောင်ရွက်ကြမည့် နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် MSME အသင်းဝင်များဖြစ်အောင် ဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ငန်းတူသူအချင်းချင်း ပူးပေါင်းဆောင်ရွက်လျှင် နိုင်ငံအတွင်း MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံ့စီးပွားကဏ္ဍကို မြှင့်တင်ရာရောက်ကြောင်း၊ စည်းလုံးညီညွတ်စွာ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်ကဏ္ဍ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရွှေအုပ်ဆောင်း ကျန်းမာရေးနှင့် အလှအပဆိုင်ရာပစ္စည်း ထုတ်ကုန်လုပ်ငန်းပိုင်ရှင်က ၎င်း၏ ကိုယ်တိုင်ခံယူ ဆောင်ရွက်နေမှုကို ဆက်လက်ပြောပြသည်။

သို့ပါ၍ ကချင်ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျဆောင်ရွက်နေသည့် လုပ်ငန်းများအနက်မှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေမည့်လုပ်ငန်းများ အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေသော ရွှေအုပ်ဆောင်း ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ပယင်းထုတ်ကုန်လုပ်ငန်းအကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**တွေ့ဆုံမေးမြန်း - ၄ရွှေဝါ**
**ဓာတ်ပုံ - ယော်ဆောင်**

---

**○ ကျောဖုံးမှ**

ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မစန်းပါး(၂)ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဓိက ဒီရေတောသစ်မျိုးများဖြစ်သော ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ ကနစို၊ သမဲ့ကြီး၊ ကျနဲ၊ ပင်လယ်အုန်းစသည့် အဖိုးတန်သစ်မျိုးများနှင့် လမု၊ လဘာ၊ ဘူးဇရပ်၊ ပန်လုံး၊ သမဲ့ဖြူနှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဖျိုင်း၊ ကြက်တူရွေး၊ သိန်း၊ ပန်းဇင်ငှက်နှင့် တင်ကျီးငှက်စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ပုစွန်များ စသည့် ရေနေသတ္တဝါများ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## ကျောက်ဆည်မြို့နယ် တောင်လွှဲကျေးရွာတွင် သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးမှုများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တောင်လွှဲကျေးရွာ တောင်လွှဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းအနေဖြင့် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ပံ့ပိုးထောက်ပံ့ငွေကျပ် သန်း ၂၀ ထုတ်ယူ၍ သမဝါယမကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ထားရှိမှုနှင့် မိုးစပါးစိုက်ပျိုးမှုအခြေအနေကို ယနေ့နံနက် ၇ နာရီက မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်သည် ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ လိုက်ပါ၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တောင်လွှဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းတွင် အသင်းသား ၃၀ မိုးစပါးစိုက်ဧက ၁၀၀၊ ပံ့ပိုးထောက်ပံ့ငွေကျပ် သန်း ၂၀ ကို မျိုးစပါးလိုအပ်ချက်၊ စိုက်ပျိုးစရိတ်လိုအပ်ချက်၊ သွင်းအားစု လိုအပ်ချက်များအား တစ်ဧကလျှင် ကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသောပံ့ပိုးမှုကို သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဆိုင်ရာ စွမ်းရည်မြှင့်တင်မှုသင်တန်းဆင်းပွဲ ကျင်းပ



ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာနက ကြီးမှူးဖွင့်လှစ်သည့် စီမံကိန်းဆိုင်ရာစွမ်းရည်မြှင့်တင်မှု သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**ထူးချွန်ဆု ပေးအပ်ချီးမြှင့်**

ယင်းနောက် မြို့တော်ဝန်က သင်တန်းဆင်း အောင်လက်မှတ်များကိုသင်တန်းသားခေါင်းဆောင်ကိုလည်းကောင်း၊ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ကြသည့် ပထမဆုရရှိသူ မြို့ပြစီမံကိန်းဌာန ပုံသေဝန်ထမ်း(ဗိသုကာ) ဒေါ်ဇင်ဝင့်ထက်၊ ဒုတိယဆုရရှိသူ မြို့ပြစီမံကိန်းဌာန ပုံသေဝန်ထမ်း (ဗိသုကာ) ဦးအောင်သန့်ကို၊ တတိယဆုရရှိသူ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဌာနစုမှူး ဒေါ်ကျော့သူဇာထွန်းတို့ကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းသင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၃ ရက်မှ ဩဂုတ် ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဟင်္သာတမြို့ ဓမ္မဗိမာန်ကျောင်းတိုက်၌ အထက်တန်းအခမဲ့ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး ဖွင့်ပွဲကျင်းပ

ဟင်္သာတ စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ဓမ္မဗိမာန်ကျောင်းတိုက်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက်တန်း အခမဲ့ပညာရေးနှင့် မူလတန်း၊ အလယ်တန်း ကျောင်းပြင်ပ ပညာရေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက အဆိုပါကျောင်းရှိ မေတ္တာသမ္မဒါခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်များဦးဆောင်၍ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ဓမ္မဗိမာန်ကျောင်းတိုက် (နိုဘယ်ပရဟိတဖောင်ဒေးရှင်း)ဦးဆောင်နာယက ဆရာတော် ဒေါက်တာဉာဏလင်္ကာရက ဩဝါဒကထာ မိန့်ကြားခဲ့ကာ ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားခြင်း၊ ကျောင်းပြင်ပ ဒေသတာဝန်ခံ ဆရာကြီး ဦးငွေစိုးက အမှာစကားပြောကြားခြင်း၊ ဟင်္သာတခရိုင်ပညာရေးမှူး ဦးတိုးဝင်းက ပညာရေးဆိုင်ရာများ ရှင်းလင်းပြောကြားခြင်း၊ ဓမ္မဗိမာန်ကျောင်းတိုက်(နိုဘယ်ပရဟိတဖောင်ဒေးရှင်း) ပညာရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်လတ်က မူလတန်း၊ အလယ်တန်းကျောင်းပြင်ပ ပညာရေး အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ အလှူငွေပေးအပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ဓမ္မဗိမာန်ကျောင်းတိုက် (နိုဘယ်ပရဟိတဖောင်ဒေးရှင်း)မှ ကျောင်းသား ကျောင်းသူများက "ကလေးများအတွက် ဒီနေ့"သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**✻ မန်စီးတီးမှ**

၂၀၂၃-၂၀၂၄ ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်များ မဲခွဲပွဲအတွင်း ဥရောပတစ်နှစ်တာအကောင်းဆုံးကစားသမားဆုရရှိခဲ့ခြင်းကို ကြေညာခဲ့တာဖြစ်ပါတယ်။

ဥရောပတစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် မဲပေးမှုရလဒ်ကိုကြည့်မယ်ဆိုရင် ဟာလန်းက ၃၅၂ မဲ၊ မက်ဆီက ၂၂၇ မဲ၊ ဒီဘရိုင်းက ၂၂၅ မဲ၊ ဂန်ဒိုဂန်က ၁၂၉ မဲ၊ ရိုဒရီက မဲ ၁၁၀ စသဖြင့် ရရှိခဲ့ကြတာဖြစ်ပါတယ်။

၂၀၂၂-၂၀၂၃ ဘောလုံးရာသီရဲ့ ဥရောပတစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကိုတော့ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာကရရှိခဲ့ပြီး အကောင်းဆုံးအမျိုးသမီးကစားသမားဆုကို ဘာစီလိုနာအမျိုးသမီးအသင်းမှ စပိန်ကွင်းလယ်ကစားသမား ဘွန်မာတီကရရှိခဲ့ကာ အကောင်းဆုံး အမျိုးသမီးနည်းပြဆုကို အင်္ဂလန်အမျိုးသမီးအသင်းနည်းပြ ဆာရီနာဝီဂ်မန်းက ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

**☆ မြန်မာ့လက်ရွေးစင်မှ**

ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျင်းပလျက်ရှိသည့် IESF World Championship 2023 ပြိုင်ပွဲ၌ မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းနှင့် မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar အသင်းနည်းပြ ဦးရန်မင်းနိုင်တို့ ဦးဆောင်ကာ အသင်းအဖွဲ့ဝင် မောင်အောင်မြတ်စိုး၊ မောင်ဇော်ရိန်ဆိုင်းအောင်၊ မောင်မင်းခန့်မောင်မောင်၊ မောင်ကောင်းဆက်ဟိန်းနှင့် မောင်သီဟကျော်စွာတို့ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

"မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar အသင်းဟာ ဗိုလ်လုပွဲမှာ မွန်ဂိုလီးယားနိုင်ငံ ကိုယ်စားပြုအသင်းနဲ့ ယှဉ်ပြိုင်ရမယ်။ ရွှေတံဆိပ် ဒါမှမဟုတ် ငွေတံဆိပ် တစ်ခုခုကိုတော့ မြန်မာနိုင်ငံကိုယ်စားပြုအသင်းအနေနဲ့ ရယူနိုင်တော့မှာ ဖြစ်ပါတယ်။ မွန်ဂိုလီးယားနိုင်ငံ ကိုယ်စားပြုအသင်းကို အနိုင်ရရှိပြီး ရွှေတံဆိပ်ရရှိဖို့အတွက် မြန်မာပရိသတ်အနေနဲ့ ဝိုင်းဝန်းအားပေးဝန်းရံပေးကြပါလို့ ပြောချင်ပါတယ်"ဟု မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် စက်တင်ဘာ ၂

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

**ရောင်းချပေး**

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ တို့ကိုလည်း



ကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူး တင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၂

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၂ ခုနှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။ ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၀ မှ ပြိုင်ပွဲအမျိုးအစား ၄၈၁ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့်အာရှအားကစားပြိုင်ပွဲတွင် ဘောလုံးအမျိုးသား၊ အမျိုးသမီး၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ ရိုးရာလှေ၊ မြားပစ်အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လာမည့်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းအနည်းငယ်သာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အမျိုးသမီးဘောလုံးအသင်းမှာမူ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယခုဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများအနက် ဝူရှူး၊ ပိုက်ကျော်ခြင်းနှင့် ရိုးရာလှေအားကစားနည်းများမှာ မေလက ကျင်းပသည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိထားသည့် အားကစားနည်းများဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအသင်းမှာမူ အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာကြီးမားခဲ့သည့်အသင်းဖြစ်ပြီး အမျိုးသမီးဘောလုံးအသင်းမှာမူ အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သော်လည်း ယခုနှစ်အတွင်းကျင်းပသည့် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိထားသည်။

မြန်မာအားကစားအဖွဲ့သည် နောက်ဆုံးကျင်းပသည့် ၂၀၁၈ ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်နှစ်ခု ရရှိထားသည်။

**ကိုညီလေး**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေ ရပ်ကွက်၊ ရန်ပြေ (၁၅)လမ်း/အနောက်၊ အမှတ် (၃၇) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၆၀'x၄၀')ရှိ နှစ် (၆၀)ဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၃)ခန်းတွဲ (၅ ထပ်တိုက်) အဆောက်အဦ၏ ပထမထပ် (ယာဘက်ခြမ်း) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၁½'x၅၄')ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် အဆိုပါ တိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားလျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးသန်းတူ [၁၂/သကတ(နိုင်)၀၃၆၀၉၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမှုရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

သန်လျင်မြို့နယ်၊ ဘုရားကုန်းအုပ်စု၊ လက်ယက်စမ်းကျေးရွာ၊ အကျယ်အဝန်း (၁၂½ပေx ၆၀ပေ) အကျယ်ရှိ ရွာမြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်ဦး [၁၂/ဒပန (နိုင်)၀၂၈၂၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့တင်ပြ ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာ (LL.B, D.B.L, D.I.L, D.I.R, C.B.D.S (MOFA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၃၈၁)**
**အမှတ်(၁၀၁၉/ခ)၊ဒုတိယထပ်၊ သုမင်္ဂလာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၄၄၀၄၄၀၇၁၀၊ ၀၉-၇၈၅၅၅၅၀၃၀**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃၂၈)၊(သုံးခန်းတွဲ နှစ်ထပ်အိမ်၏ ပထမထပ်၊ အိမ်ကိုမျက်နှာမူကြည့်လျှင် ဘယ်ဘက်ထောင့်ခန်း) ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ထားသူများက အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသူ ဦးမြမင်း[၁၂/ပဇတ(နိုင်)၀၀၀၁၉၀]နှင့် ဒေါ်သီတာထွေး [၁၂/ပဇတ(နိုင်)၀၀၀၈၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက် စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုထွေး**
**LL.B**
**အထက်တန်းရှေ့နေ(စဉ်-၅၅၀၀၅)**
**အမှတ်(၄၁)၊ အောင်တံခွန်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ်။ Ph: 09-961731911**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မြိုင်သာယာလမ်း၊ မြေကွက်အမှတ်(မ-၉)၊ မြေဧရိယာ (၁၆ပေx ပေ ၄၀)ရှိ မြေကွက်နှင့် ဆက်စပ်တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့အား အပိုင်ရောင်းချသူဖြစ်သော ဦးစောထူးဂေ [၁၂/အစန(နိုင်)၀၄၀၇၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးအောင်ခိုင်ဦး [၁၂/အလန(နိုင်)၀၄၀၃၇၃]နှင့် ဒေါ်နွေးနွေးသိမ့် [၁၄/ဝခမ(နိုင်) ၂၈၅၀၃၄]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် (၃၀-၈-၂၀၂၃)ရက်နေ့တွင် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောတရားဝင် စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးအောင်ခိုင်ဦး + ဒေါ်နွေးနွေးသိမ့်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖွန့်ရတနာဦး(LL.B,LL.M,DCBL)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၅၁၄/၂၀၁၇)**
**ခ/၇၆၊ ဘုရင့်နောင်လမ်းမကြီး၊ မြို့သစ်(ဂ)ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၃၄၈၈၈၆၃**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ နောက်/၁ ရပ်ကွက်၊ ထူပါရုံ(၈)လမ်း၊ အမှတ်(၉၅၃/က) ဟုခေါ်တွင်သော (၆)ထပ်တိုက် အဆောက်အဦ၏ (တတိယထပ်) ၄-လွှာ၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် ရေမီးအစုံအလင်ပါဝင်သော ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူ တိုက်သစ်ဆောက် လုပ်ခြင်း ကတိစာချုပ်ဖြင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇမ်ရှင်းထန် [၁၂/မဂတ(နိုင်)၀၈၆၀၀၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟန်ကြော့ဆု [၁၂/သကတ(နိုင်)၁၆၄၂၉၁]က နှစ်ဦးသဘောတူ ကြိုပွဲပွဲငွှစနစ်ဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**
**အမှတ် (၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၄၂၂၉၆၊ ၀၉-၄၂၁၀၈၄၃၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဒေါင်း (၃) လမ်း၊ အမှတ် - ၆၆၂ နေ ဦးမြတ်ဇော် (၁၂/မရက (နိုင်) ၀၀၂၃၇၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ -

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက် အမှတ်-၁၁၁၉၊ ဧရိယာအကျယ်အဝန်း ( ၄၀ ပေ × ၆၀ ပေ ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မူလအမည်ပေါက်ပိုင်ရှင် ဦးကုလား ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်စိုး ( ၉/တသန (နိုင်) ၀၉၁၈၂၀ )ထံမှ (၂၅ ပေ × ၆၀ ပေ) (ယာဘက်ခြမ်း) အား ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ တစ်စိတ်တစ်ဒေသ ဖြစ်သော စရံငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများ မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့(၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အတိအလင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမိုးခိုင် ( LL.B, B.BS, D.BS )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၂/၅-၅-၂၀၁၆)**
**အမှတ်-၇၇ ၊ ပထမထပ်၊ ၁၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၅၆၆၅၇၇၆**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ သိမ်ကြီးဈေး (ဃ)ရုံ မြေအောက်ထပ်၊ ဆိုင်အမှတ် (၆၂) မူလအမည် ဦးနိုင်ဝင်းထံမှ ဦးသန့်ဇင် (မှတ်ပုံတင်အမှတ် [၁၂/ပဘတ(နိုင်)၀၂၉၇၂၂]သည် (၁၈-၈-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့ပြီး ဦးသန့်ဇင်မှမြေအောက်ထပ်၊ ဆိုင်အမှတ်(၆၂)၏ ဆိုင်ခန်းမှတ်ပုံတင် စာအုပ်အမှတ် (W-၀၆၈၁၁)မှာ ပျောက်ဆုံးသွားပါ၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန်နှင့် မူလ အမည် ဦးနိုင်ဝင်းမှ ဦးသန့်ဇင် အမည်သို့ ပြောင်းလဲရန် ဈေးတာဝန်ခံရုံးသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဈေးတာဝန်ခံ၊ သိမ်ကြီးဈေး(ဃ)ရုံ**
**ဖုန်း-၀၉-၄၄၄၄၃၈၂၂၀**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၁-တိုးချဲ့)၊ ရွှေသရဖီလမ်း၊ အမှတ်(၇၃/ခ)၊ ဦးချစ်လှိုင် အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ် ပေ(၂၀x၆၀)အနက်မှ (ခြေရင်းဘက်)၊ (ပါမစ်မိတ္တူခြမ်း) မြေအကျယ် ပေ(၁၀x၆၀)ရှိ မြေနှင့် မီးပါရှိသော နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချိုချိုခိုင် [၁၄/မမန(နိုင်)၁၅၃၀၈၅]မှ အဆင့်ဆင့် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူ ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်ဝင်းကြည်မြင့် [၇/သဝတ(နိုင်)၀၀၇၆၁၇]မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက် မည့်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းကြည်မြင့်၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅) (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား (၄)လမ်း၊ အမှတ်(၄၇၉)နေ ဒေါ်နုနုစိန် [၈/တတက(နိုင်)၀၀၈၈၈၀]၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား (၄)လမ်း၊ အမှတ် (၄၇၉) မြေအကျယ် (၄၀'x၆၀') ဂရန်မြေ၏ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်၏ ခြေရင်းအခြမ်း (၂၀'x၆၀')ပေ မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ဒေါ်နုနုစိန်မှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အား ဒေါ်နုနုစိန် တစ်ဦးတည်းကသာလျှင် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီး ယင်းမြေကွက်၏ ပိုင်ရှင်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နုနုစိန်**
**[၈/တတက(နိုင်)၀၀၈၈၈၀]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိုညိုဝင်း LLB, DBL, WIPO (Swit)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၃၃၄)**
**အမှတ်(၉/၁၁)၊ အခန်း(၀၀၄) မြေညီထပ်၊**
**၃၆-လမ်း(အောက်)၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉- ၄၅၀၀၈၇၅၄၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ဗိုလ်ချိုလမ်း၊ မြေကွက်အမှတ် (၈၃၅)၊ (အလျား ၄၁ပေx အနံ ၆၀ပေ)၊ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အာလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်သိန်း [၁၂/အစန(နိုင်)၁၅၅၆၈၃] (CHK-၀၉၇၅၃၁)မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထား ပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)**
**Ph: 09-954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO(Switzerland)**
**Ph: 09-420080932, 09-983837110**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ အနောက်မင်းလမ်းနေ ဒေါ်ကရိန်မာဘီဘီ (ခ) ဒေါ်တိုးတိုး [၁၂/လကန(နိုင်) ၁၃၉၁၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ် ပါသည်-

ဒေါ်ကရိန်မာဘီဘီ(ခ)ဒေါ်တိုးတိုး ၏သားဖြစ်သူ မောင်တေဇလင်း(ခ) ကိုရှင်းရှင်း(ခ)ကိုရှင်းရှင်းလေး [၁၂/လကန(နိုင်)၂၀၁၅၆]သည် မိခင်နှင့် ညီအစ်ကိုမောင်နှမများအပေါ်တွင် အရွယ်ရောက်ချိန်မှစပြီး ယနေ့အချိန် အထိ စိတ်ဆင်းရဲကိုယ်ဆင်းရဲစေရန် ပြုမူနေခဲ့ပြီး မိသားစုများအပေါ် ရိုင်းပျစွာပြုမူပြောဆိုပြီး ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းတွင် အရှက်ရစေ သည့်ကိစ္စအများပြုလုပ်နေပြီး မိခင်နှင့် ညီအစ်ကိုမောင်နှမများ၏ ဆိုဆုံးမ မှုကို မနာခံဘဲ မိမိစိတ်တိုင်းကျ နေထိုင်နေသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သော လူမှုရေးကိစ္စများ၊ ငွေရေးကြေးရေးကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဖြူဖွေးသန့် (LL.B) (စဉ် - ၅၀၄၀၁)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၈/၃၀)၊ ဒုတိယထပ်၊ ရွာမကျောင်းလမ်း၊ (၁) ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြို့မ(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄/တောင်)၊ မြေကွက်အမှတ်(၅၉၅/ခ)၊ (အလျား၂၀ပေxအနံ၆၀ပေ)ရှိ အိမ်ခြံ မြေကို ဒေါ်ဆွေဇင်မြင့် [၁၂/ကတတ(ဧည့်)၀၀၀၇၇၈]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင် [၁၂/ ဥကမ(နိုင်)၂၆၃၀၁၁]မှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက် (၂၁-၈-၂၀၂၃) ရက်နေ့တွင် အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်ကို ပြုလုပ်ချုပ်ဆို ခဲ့ပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံ မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ ပြဿနာတစ်စုံ တစ်ရာ၊ အရှုပ် အရှင်း တစ်စုံတစ်ရာရှိပါက သက်ဆိုင်သူသည် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင်ထံသို့ လူကိုယ်တိုင် တိုက်ရိုက်လာရောက်ကန့်ကွက် နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ကတိ စာချုပ်ပါ နေ့ရက်အတိုင်း ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာထက် (တရားလွှတ်တော်ရှေ့နေ)၊ စဉ် - ၁၂၈၉၁၊**
**ဖုန်း- ၀၉-၇၉၅၁၅၈၀၄၀၊ ၀၉-၂၅၃၃၉၃၄၄၂**
**ရုံးခန်းလိပ်စာ - အမှတ်(၅၆၆/က)၊ မြို့မလမ်း၊ (မြေညီ)၊**
**၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ မြေကွက်အမှတ် (၂၉၇) ဦးမောင်မောင်ညို အမည်ပေါက် ပါမစ်မြေ အမျိုးအစား (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်၏ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်ရှိ မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၂)ရပ်ကွက်၊ ဂရုဏာလမ်း၊ အမှတ်(၂၉၇) (မျက်နှာမူ၍ကြည့်သော် ဘယ်ဘက်ခြမ်း) မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမောင် မောင်ညို အမည်ဖြင့် ချထားပေးသော ပါမစ်မြေအမျိုးအစားဖြစ်ပြီး ၎င်းထံမှ ရောင်းသူ ဒေါ်စန်းစန်းမေသည် အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေတို့မှ (၂၅-၈-၂၀၂၃)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူပြီးဖြစ် ကြောင်းနှင့် လက်ရောက်ရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်ထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၀၂)**
**အမှတ်(၉၆/၉၈)၊ အခန်း(၅/ဘီ)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၅၉၁၈၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ် (၂၁၄)မြေ အကျယ်အဝန်း အလျား (၆၀/၆၃)ပေx အနံ(၄၆/၆၃)ပေ၊ ဧရိယာ(၀.၀၇၅)ဧက ရှိဦးဝင်းမောင် အမည်ပေါက် ဂရန်မြေအမျိုးအစားမြေ ကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးအပြည့်အစုံ ပါဝင်သော အဆောက်အအုံကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သူဇာ [၁၂/မဂတ(နိုင်)၀၀၀၇၇၂]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးမြတ်ဖြိုး [၁၂/ပဘတ(နိုင်)၀၀၀၃၅၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၂၉-၈- ၂၀၂၃)ရက်စွဲပါ အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ် သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) အထက်တန်းရှေ့နေ (စဉ်-၄၇၃၉၄)**
**အမှတ်(၇၈၃) ၊ဗိုလ်ရာညွှန့်လမ်း ၊(၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## "ဦးရည်ညွှန်း၊ ဒေါ်မိမိလွင်(ခ) မေပုလဲဆွေ၊ ဦးရည်မွန်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေး ကြော်ငြာခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရွှေကျီးကုန်း ကျေးရွာနေ ဦးမြင့်ဆွေ [၁၂/မဘန(နိုင်)၀၆၂၆၀၇]၏ လွှဲအပ်ညွှန်ကြား ချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ရွာသစ် အနောက်၊ (၂)ရပ်ကွက်၊ ကန်ဦးကျောင်းလမ်း၊ အမှတ် (၈၁)ဟုခေါ်တွင် သော မြေနှင့် မြေပေါ်ရှိ အဆောက်အဦတို့မှာ ဦးမြင့်ဆွေ၊ ဒေါ်ဌေး ဌေးမြင့်၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးကျော်မိုးမြင့်၊ ဒေါ်ချို၊ ဒေါ်အုန်းမြင့်၊ ဒေါ်တင်တင်ငြိမ်း၊ ဒေါ်တင်တင်ဝင်းတို့ ပိုင်ဆိုင်သော အမွေဆိုင်မြေ နှင့် အဆောက်အဦဖြစ်ပါသည်။ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်- ၁၀၂/၂၀၁၄ ၌လည်း မောင်နှမ အားလုံးမှ ကျန်ရစ် သည့် အမွေပုံပစ္စည်းများ၏ (၅)ပုံ (၁)ပုံ ရသင့်ကြောင်း ထိုရုံးကပင် ဒီကရီချမှတ်ပြီးဖြစ်ပါသည်။ ထိုဒီကရီမရရှိမီ ညီမအရင်းဖြစ်သူ ဒေါ်တင် တင်ငြိမ်း ကွယ်လွန်သွားသည့်အတွက် အမွေရခွင့်ရှိသူ ညီအစ်ကို မောင်နှမများမှ ဒေါ်တင်တင်ငြိမ်း၏ သားရင်းသမီးရင်းများဖြစ်သူ၊ ကြော်ငြာမှုပြုထားသူများအား အနေအစားမပျက်စေရန် ခွင့်တောင်းမှု ကြောင့် တူ၊ တူမများအား အမွေဆိုင် ညီအစ်ကိုမောင်နှမများအားလုံးက အမွေပုံပစ္စည်းပေါ်၌ အခမဲ့ ခွင့်ပြုချက်ဖြင့် နေထိုင်စေရန် ခွင့်ပြုပေး ခဲ့ခြင်းသာ ဖြစ်ပါသည်။

သို့ပါ၍ အချင်းဖြစ်အမွေပုံပစ္စည်းနှင့်ပတ်သက်၍ မည်သူတစ်ဦး တစ်ယောက်ကမျှ အမွေဆိုင်များ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ဝယ်ယူလွှဲပြောင်းခြင်း၊ ပေါင်နှံပေးကမ်းခြင်း၊ တစ်နည်း နည်းဖြင့် လှူဒါန်းခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန် အများ သိစေရန် အသိပေး ကြော်ငြာကန့်ကွက်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နှင်းဝေ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၅၅၆/၂၀၁၃)**
**အမှတ်(၉)၊ အောင်သုခလမ်း၊ (၉)မိုင် (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်။ Ph: 09-423737706**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်...**

**❖ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေး မျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ပြုလုပ်သော ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

## အာရှအားကစား ပြိုင်ပွဲတွင် မြန်မာအားကစား အဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်

စာမျက်နှာ » ၁၇

## ကျောက်တလုံးကြီး မြို့နယ်နှင့် တာချီလိတ်မြို့တို့၌ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၈

## မစန်းပါး(၂)ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်



နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၉၆၂ ဧကရှိသော နယ်မြေကို **“မစန်းပါး(၂) ဒီရေတောကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၀၀/၂၀၂၃)အရ ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်၊ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍

## မန်စီးတီးတိုက်စစ်မှူး ဟာလန်း
### ဥရောပတစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆွတ်ခူး

မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းဟာ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီရဲ့ တစ်နှစ်တာ ဥရောပအကောင်းဆုံးကစားသမားဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ် တိုက်စစ်မှူး ဟာလန်းဟာ နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းအတွက် တစ်ရာသီအတွင်း ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို ရယူပေးခဲ့ရာတွင် ပြိုင်ပွဲအရပ်ရပ်၌ ၅၃ ပွဲမှာ ၅၂ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။

**ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်**

တိုက်စစ်မှူးဟာလန်းဟာ ဥရောပပြိုင်ပွဲမှာ သွင်းဂိုး ၁၂ ဂိုး၊ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ၃၆ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲနှစ်ခုစလုံးမှာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့တာဖြစ်ပါတယ်။

နော်ဝေတိုက်စစ်မှူး ဟာလန်းဟာ ဥရောပတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မန်စီးတီးအသင်းဖော် ဒီဘရိုင်းနဲ့ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီတို့ကို ကျော်ဖြတ်ကာ ရရှိခဲ့တာဖြစ်ပြီး မိုနာကိုမြို့မှာ ကျင်းပခဲ့တဲ့ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳

## မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar IESF World Championship 2023 ပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်




နေပြည်တော် စက်တင်ဘာ ၂

မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar သည် နိုင်ငံပေါင်း ၁၁၄ နိုင်ငံ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် International Esports Federation (IESF) World Championship 2023 ပြိုင်ပွဲ၌ အဆင့်ဆင့် ပါဝင်ယှဉ်ပြိုင်အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဦးဆောင်မှုဖြင့် မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar သည် ရိုမေးနီးယားနိုင်ငံ၌ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆